မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၄)၊ အမှတ် (၀၂၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ကရင်ပြည်နယ်ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ စာ ၄

ကင်ညာနိုင်ငံ၌ ကလေး ၃ ဒသမ ၇ သန်းကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး စာ ၁၃

စားရေရိက္ခာဖူလုံဖို့ သစ်တောများကို ထိန်းသိမ်းစို့ ဆောင်းပါး စာ ၁၆

နိုင်ငံရေးအရွေ့နှင့်လိုက်ပါ

သီတင်းကျွတ်ပွဲတော်ကာလအတွင်း နိုင်ငံတစ်ဝန်းရှိ မြို့ရွာများတွင် ဗုဒ္ဓဘာသာအစဉ်အလာမပျက် ကုသိုလ်ကောင်းမှုပြုကြသူများနှင့် စည်ကားခဲ့သည်။ ပြီးခဲ့သည့်လအတွင်းက သဘာဝဘေးအန္တရာယ်ကြီး ကျရောက်မှုကြောင့် နိုင်ငံအတွင်းရှိ မြို့နယ်များ၏ ၁၆ ရာခိုင်နှုန်းခန့်တွင် စုစုပေါင်းလူဦးရေ တစ်သိန်းခွဲ၊ နှစ်သိန်းခန့် ရေဘေးနှင့် ရင်ဆိုင်ခဲ့ကြရသည့်အတွက် ကူညီကယ်ဆယ်မှုများ၊ ပြန်လည်ထူထောင်မှုများကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြရသည်။ ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများမှာ နောက်ထပ်လအနည်းငယ်ကြာ ဆက်လက်ဆောင်ရွက်ကြရဦးမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ မြန်မာဟူသည် ဖြစ်မြဲသဘာဝ လောကဓမ္မကို ကောင်းစွာဆင်ခြင်နားလည်နိုင်ကြသူများပီပီ ရင်ဆိုင်ကြုံတွေ့ရသမျှအပေါ်တွင် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းကာ ပျော်ချိန်ရောက်လျှင် ပျော်တတ်ကြစမြဲဖြစ်သည်။

သီတင်းကျွတ်ကျောင်းပိတ်၊ ရုံးပိတ် ကာလများအတွင်း ရန်ကုန်- မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ယခင့်ယခင်နှစ်များအတိုင်း ခရီးသွားကားများ ပြည့်ခဲ့သလို ငွေဆောင်၊ ချောင်းသာစသည့်ကမ်းခြေများတွင်လည်း အပန်းဖြေသူများ စည်ကားခဲ့သည်။ အဆိုပါကမ်းခြေများရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများတွင် အခန်းကြိုတင်မှာယူမှုများ ပြည့်နေခဲ့သလို ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင်လည်း ထိုနည်းတူပင်ဖြစ်သည်။ ပုဂံဒေသသို့ ပြည်တွင်းခရီးသွားဝင်ရောက်မှုမှာ ဒေသခံများ မျှော်မှန်းထားသည်ထက် ပိုမိုများပြားခြင်းကြောင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် အလုပ်အကိုင်နှင့် စီးပွားရေးတို့ ပွင့်လန်းခဲ့ကြသည်ဟုလည်း ဝမ်းမြောက်ဖွယ်ရာ သိရှိရသည်။

သီတင်းကျွတ်ညများ၏ လရောင်အောက်တွင် မီးရောင်စုံနှင့် ဆီမီးများ ထိန်ထိန်ညီးညီးထွန်းညှိကာ မြို့များ၊ ရွာများ ပျော်ရွှင်စည်ကားခဲ့ကြသော်လည်း ခွင်းချက်အဖြစ် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူတို့ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည့် ဒေသများမှာမူ မြို့ပျက်ရွာပျက်များဘဝသို့ ကျရောက်ဆိတ်သုဉ်းနေကြရသည်။ အကယ်၍သာ နိုင်ငံမြောက်ဖျားမှသည် တောင်ဖျားအထိ၊ အရှေ့ဖျားမှသည် အနောက်ဖျားအထိ ရှိရှိသမျှ မြို့ရွာများ အေးချမ်းသာယာနေမည်ဆိုလျှင် ဤအချိန်၊ ဤကာလသည် ကျက်သရေမင်္ဂလာများနှင့် ပြည့်စုံကာ ပျော်ရွှင်ကြည်နူးဖွယ်ရာ ကာလတစ်ခုသာ ဖြစ်ပေလိမ့်မည်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများတွင် သိန်းနှင့်ချီသော ပြည်သူများ သီတင်းကျွတ်ပွဲတော်ဆင်နွှဲပျော်ရွှင်နေသည့်ပုံရိပ်များ၊ ရာဂီတိုင်ဖွန်းမုန်တိုင်းရေဘေးအတွက် ဘီလီယံပေါင်းများစွာလှူဒါန်းခဲ့ကြသည့် မြင်ကွင်းများတွင် မိမိတို့ ပြည်သူများ၏ ပကတိသဘောကို စောကြောတွေ့ရှိနိုင်သည်။

မြန်မာ့နိုင်ငံရေးသည် အနှောင့်အယှက်၊ အဟန့်အတား၊ အဖျက်အဆီးများကြားမှပင် ကာလယန္တရားနှင့်အတူ ရှေ့သို့ ဆက်လက်ခုတ်မောင်းရွေ့လျားနေသည်။ အကယ်၍သာ အဖျက်အမှောင့်တို့ မရှိခဲ့ပါလျှင် ယခုအချိန်သည် ပြည်သူရွေးချယ်တင်မြှောက်သည့် တတိယမြောက်အစိုးရတစ်ရပ်နှင့် ဒီမိုကရေစီခရီးကို ရှေ့ဆက်သွားနေချိန် ဖြစ်နေနိုင်သည်။ လက်ရှိကာလ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုကိုကြည့်လျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ မပျက်မကွက် ဆက်လက်ဆောင်ရွက်နေပြီး ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမှုကာလလည်း ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ ရှေ့ဆက်၍ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ရွေးကောက်ပွဲတွင် ပါတီစုံပါဝင်နိုင်ရေး၊ နယ်မြေဒေသအလိုက် ရွေးကောက်ပွဲကျင်းပနိုင်သည့် လုံခြုံရေးအခြေအနေရရှိရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မိမိတို့နိုင်ငံ ရှေ့ဆက်သွားမည့် ခရီးအတွက် အဓိကလိုအပ်ချက်သည် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ရာ ပြည်တွင်း၌ ဖြစ်ပေါ်နေသည့် လက်နက်ကိုင်တိုက်ခိုက်မှုများ ရပ်ဆိုင်းသွားနိုင်ရန် နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖိတ်ခေါ်ကမ်းလှမ်းမှုပြုလျက်ရှိသည်။ နိုင်ငံနှင့် ပြည်သူကောင်းရာကောင်းကျိုးကို မျှော်မှန်း၍ ပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သော ထာဝရငြိမ်းချမ်းရေးဆီသို့ ဦးတည်ကာ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ဖိတ်ခေါ်ထားခြင်းဖြစ်ရာ နိုင်ငံရေးကို အကြောင်းပြု၍ လက်နက်ကိုင်ထားသည့် အဖွဲ့မှန်ပါက စားပွဲဝိုင်းဆွေးနွေးပွဲဆီသို့ တက်ရောက်လာနိုင်မည်သာဖြစ်သည်ဟု ရှုမြင်မိပါကြောင်း။ ။

၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ရေး။

သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းအကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် - ၀၆၇ - ၄၃၁၀၆၂၊ ၀၆၇ - ၄၃၁၃၅၉၊ ၀၆၇ - ၄၃၁၀၆၇၊ ၀၆၇ - ၄၃၁၃၃၉ သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀ - ၁၀ - ၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၀၀	၃၀၆၀	၃၀၅၅	၃၀၁၀	၃၀၈၀	၃၀၉၅	၃၂၀၅	၃၀၆၀	၃၂၉၀	၃၃၁၅	၃၀၇၀	၃၀၈၅	၃၂၂၀	၃၂၀၅	၃၂၂၀	၃၆၂၀	၄၂၀၀
95 Ron	၃၃၀၅	၃၃၉၀	၃၃၆၅	၃၃၁၅	၃၃၉၀	၃၄၀၀	၃၄၁၅	၃၃၇၀	၃၇၉၅	၃၅၂၅	၃၃၈၀	၃၃၉၅	၃၄၂၅	၃၄၁၅	၃၄၂၅	၃၈၃၀	၄၃၅၀
HSD (500 ppm)	၂၆၉၀	၂၇၇၀	၂၇၄၅	၂၇၀၀	၂၇၇၀	၂၇၈၅	၂၇၉၅	၂၇၅၀	၂၈၇၅	၂၉၀၅	၂၇၆၀	၂၇၇၅	၂၈၀၅	၂၇၉၅	၂၈၀၅	၃၂၁၀	၄၂၀၀
HSD (50 ppm)	၃၃၄၀	၃၄၂၀	၃၃၉၅	၃၃၅၀	၃၄၂၀	၃၄၃၅	၃၄၄၅	၃၄၀၀	၃၅၃၀	၃၅၆၀	၃၄၁၀	၃၄၂၅	၃၄၆၀	၃၄၄၅	၃၄၆၀	၃၈၆၀	၄၂၂၀
HSD (10 ppm)	၃၃၄၀	၃၄၂၀	၃၃၉၅	၃၃၅၀	၃၄၂၀	၃၄၃၅	၃၄၄၅	၃၄၀၀	၃၅၃၀	၃၅၆၀	၃၄၁၀	၃၄၂၅	၃၄၆၀	၃၄၄၅	၃၄၆၀	၃၈၆၀	၄၂၂၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၄၀	၃၀၃၂
95 Ron	၃၁၄၁	၃၂၃၈
HSD (500 ppm)	၂၅၄၁	၂၆၂၂
HSD (50 ppm)	၃၁၇၃	၃၂၆၆
HSD (10 ppm)	၃၁၇၃	၃၂၆၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၈၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးထစ်ချုန်း၍ မိုးအသင့်အတင့် ရွာပြီး တစ်ခါတစ်ရံသည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/ဇလ

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

** ရှေ့ဖုံးမှ*

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ကပြယှဉ်ပြိုင်နေမှုများကို အားပေးကြည့်ရှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် Plenary Hall ၌ ကျင်းပလျက်ရှိသည့် တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာအကအဖွဲ့များက တိုင်းရင်းသားနှင့် ကျေးလက် ရိုးရာဓလေ့စရိုက်များ ပေါ်လွင်စေသည့် အကအလှများဖြင့် အဖွဲ့လိုက်အချိုးအဆစ်ညီညာပြေပြစ် ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုများကို အားပေးကြည့်ရှုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယှဉ်ပြိုင်ကပြမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ရိုးရာအကအဖွဲ့က ကပြယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ကချင်ပြည်နယ် ကိုယ်စားပြု ရိုးရာအကအဖွဲ့က ကပြယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး အခြေခံပညာရှင်အဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

၂၀၁၉ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

၂၀၁၉ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

"အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး" တေးသီချင်းအဆိုပြိုင်ပွဲ

ယနေ့တွင် **"အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး" တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျေးရွာဝါဒ" သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂီတရေစီးကြောင်း" သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ရုပ်သေးကြိုးဆွဲပြိုင်ပွဲ

ရုပ်သေးကြိုးဆွဲပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မင်းသားကြိုးဆွဲ ရုပ်သေးရုပ်နှင့် ဇော်ဂျီကြိုးဆွဲရုပ်သေးရုပ်တို့ဖြင့် ကကြိုးကကွက် စုံလင်စွာယှဉ်ပြိုင်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားရုပ်သေးကြိုးဆွဲပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး မင်းသားကြိုးဆွဲရုပ်သေး ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲ

တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ ချင်းပြည်နယ် ကိုယ်စားပြု ချင်းတိုင်းရင်းသားရိုးရာ ဝါးညှပ်အကအဖွဲ့၊ မွန်ပြည်နယ် ကိုယ်စားပြု မွန်တိုင်းရင်းသားရိုးရာ အကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု ထားဝယ်ရိုးရာ အကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ကျေးလက်ရိုးရာ အကအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ကျေးလက်ရိုးရာ အကအဖွဲ့၊ ရှမ်းပြည်နယ် ကိုယ်စားပြု ရှမ်းရိုးရာအကအဖွဲ့၊ ကယားပြည်နယ် ကိုယ်စားပြု ကယားရိုးရာအကအဖွဲ့၊ ကချင်ပြည်နယ် ကိုယ်စားပြု ရဝမ်ရိုးရာအကအဖွဲ့၊ ကရင်ပြည်နယ် ကိုယ်စားပြု ကရင်ရိုးရာဒုံးယိမ်း အကအဖွဲ့နှင့် ရခိုင်ပြည်နယ် ကိုယ်စားပြု ရခိုင်ရိုးရာအကအဖွဲ့တို့က တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာ ဓလေ့စရိုက်များ ပေါ်လွင်စေမည့် အကအလှများဖြင့် အဖွဲ့လိုက်အချိုးအဆစ် ညီညာပြေပြစ် ရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲ

အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဂီတဖြင့် ပြည်အလှဆင်မည်" ခေါင်းစဉ်ဖြင့် ဂီတရသ စုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

ဒုံမင်းအတီးပြိုင်ပွဲ

ဒုံမင်းအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) News Briefing Room ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မန်းတောင်လက်ယာ" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖန်ထွေလာ" (မွန်) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေး တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဓေယျာမြို့" (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဓေယျာမြို့" (ကြိုး)သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူတောင်ညာ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမန်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောဟေဝန်လယ်" (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)**

စာမျက်နှာ ၅ သို့

ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ ဝါသနာရှင်အဆင့် (ပထမတန်း) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် “ဝေဿန္တရာ” ဇာတ်တော်ကြီးဖြင့် ကရင်ပြည်နယ်ကိုယ်စားပြု “ရွှေဖားစည်သံအောင်နန်းစံ” ရုပ်စုံသဘင်အဖွဲ့က တင်ဆက်ကပြ ယှဉ်ပြိုင်စဉ်။

စာမျက်နှာ ၄ မှ

အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေမင်းဂံ” (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရွှေမင်းဂံ” (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

တိုင်းရင်းသားတို့၏ ရိုးရာတူရိယာ အလွတ်တန်းအဆင့် အတီးပြိုင်ပွဲ

တိုင်းရင်းသားတို့၏ ရိုးရာတူရိယာ အလွတ်တန်းအဆင့် အတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ မွန်ရိုးရာတူရိယာအဖွဲ့၊ ကချင်ရိုးရာတူရိယာဂီတသံစဉ်အဖွဲ့၊ ရခိုင်ရိုးရာတူရိယာအဖွဲ့၊ ကရင်ရိုးရာတူရိယာအဖွဲ့၊ ချင်းရိုးရာတူရိယာအဖွဲ့၊ ရှမ်းရိုးရာတူရိယာအဖွဲ့နှင့် ကယားရိုးရာတူရိယာအဖွဲ့တို့က မိမိတို့၏ ရိုးရာဓလေ့စရိုက်များ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည်ထောင်စုစိတ်ဓာတ်ကိုပေါ်လွင်စေမည့် အဆို၊ အကများနှင့်အတူ မြိုင်ဆိုင်လှသည့် တီးလုံးတီးကွက်များ ပေါင်းစပ်၍ လက်စွမ်းပြတီးခတ်ယှဉ်ပြိုင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲ

ပတ္တလားအတီးပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ညင်းညင်း”(မွန်) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ခိုင်ပန်းစုံ” (ထပ်တွန့်ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မင်္ဂလာသီရိ” (ဘွဲ့)သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြ သည်။

ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “လေပြည်ဆော်သွင်မြူး” (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဘုံဆောင်မြင့်” (ကြိုး)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဘုံဆောင်မြင့်” (ကြိုး) သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲ

ကွက်စိပ်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင်** မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မဟာသုတသောမဇာတ်တော်” ဖြင့် ဇာတ်တော်၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှုစွမ်းရည်ပြသဟောပြောယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင်** “ဝေဿန္တရာ” ဇာတ်တော်ကြီးဖြင့် ကရင်ပြည်နယ်ကိုယ်စားပြု “ရွှေဖားစည်သံအောင်နန်းစံ” ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တာဝန်ရှိသူများက ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ဇာတ်တော်ကြီးပြိုင်ပွဲတွင် “မဟာဇနက” ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရွှေမင်းသားလေး ကောင်းစစ်ဟိန်း ဇာတ်သဘင်အဖွဲ့၏ ဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ဇာတ်တော်ကြီးပြိုင်ပွဲ

ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ **ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင်** “မဟာဇနက” ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ရွှေမင်းသားလေး ကောင်းစစ်ဟိန်း ဇာတ်သဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

လာရောက်ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးအောင်ကျော်ဟိုး၊ ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာညွှန့်ဖေ၊ ဒေါက်တာစိုးဝင်း၊ Jeng Phang နော်တောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များနှင့်၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်း မိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကြီး၏အရေးပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် ပထမတန်း(အမျိုးသား၊ အမျိုးသမီး)၊ ဝါသနာရှင်အဆင့် ဒုတိယတန်း (အမျိုးသား၊ အမျိုးသမီး)၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသား၊ အမျိုးသမီး) အဆင့်များ သတ်မှတ်၍ သတ်မှတ်ခေါင်းစဉ်အလိုက် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်လျက်ရှိသည်။

အတီးပြိုင်ပွဲများတွင် တစ်ဦးချင်းပြိုင်ပွဲများဖြစ်သည့် စောင်း၊ စန္ဒရား၊ ပတ္တလား၊ နှဲ၊ ပလွေ၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲများနှင့် ဆိုင်းဝိုင်းကြီး အဖွဲ့လိုက်ပြိုင်ပွဲတို့အတွက် အဆင့်အလိုက် မဲကျရာ တေးသီချင်းများဖြင့် ယှဉ်ပြိုင်ကြရပြီး အိုးစည်၊ ဒိုးပတ်အဖွဲ့လိုက်ပြိုင်ပွဲများကို ယခင်နှစ်နည်းတူ ယှဉ်ပြိုင်ကြသည်။ ထို့ပြင် ငွေရတုအထိမ်းအမှတ်အဖြစ် ပြည်နယ်တစ်ခုလျှင် ကြာမြင့်ချိန် အနည်းဆုံး ၅ မိနစ်မှ ၈ မိနစ်ထက်မပိုသော တိုင်းရင်းသားရိုးရာတူရိယာများဖြင့် လက်စွမ်းပြဖျော်ဖြေတင်ဆက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆဋ္ဌမနေ့ မြင်ကွင်းပုံရိပ်များ

တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် မွန်ပြည်နယ် ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ရှမ်းပြည်နယ် ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားရုပ်သေးကြိုးဆွဲ ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးလှိုင်မိုး။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားရုပ်သေးကြိုးဆွဲ ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မောင်ဇော်လင်းထွန်း။

တိုင်းရင်းသားရိုးရာတေးသီချင်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးကြည်ဝင်း။

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ဒုံမင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ဦးသန်းဝင်း။

တိုင်းရင်းသားရိုးရာတေးသီချင်းပြိုင်ပွဲတွင် ရခိုင်ပြည်နယ်ကိုယ်စားပြုအဖွဲ့မှ ပါဝင်ယှဉ်ပြိုင်စဉ်။

ဝါသနာရှင်အဆင့်(ပထမတန်း) ကွက်စိပ်ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ဦးစိုးသန်းထွန်း။

ဝါသနာရှင်အဆင့်(ပထမတန်း) ကွက်စိပ်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ခေတ်သစ်ကိုကိုလွင်(ခ) ဦးမျိုးအောင်။

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဒုံမင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မခိုင်သန္တာစိုး။

အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်း ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးအဆိုပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မဟာသံ (ခ) မသင်းသင်းခိုင်။

အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်း ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးအဆိုပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မဆုမြတ်ဖိုး။

အခြေခံပညာအဆင့်(အသက် ၁၀နှစ်မှ ၁၅ နှစ်)အတွင်း အမျိုးသားပတ္တလားအတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ထက်ပိုင်ဦး။

အခြေခံပညာအဆင့်(အသက် ၁၀နှစ်မှ ၁၅ နှစ်)အတွင်း အမျိုးသားဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ဘုန်းမြတ်သုတ။

ဆိုကရေးတီးပြိုင်ပွဲများသို့ လာရောက်ကြည့်ရှုအားပေးကြသည့် ပရိသတ်များ။

ဓာတ်ပုံ-မြန်မာ့အလင်းသတင်းအဖွဲ့

ဒီဖော်ဖြေမှုမှာ ရိုးရာတေးသီချင်းပါသလို၊ ရှမ်းအိုးစည်တီးပြီးကတဲ့ ရိုးရာကကွက်တွေ၊ တိုးနယားအကနဲ့ ရှမ်းဓားသိုင်းအကတွေ စုစည်းပါဝင်ပါတယ်၊ တိုင်းရင်းသားအကတွေကို ပါဝင်အောင်ထည့်သွင်းစဉ်းစားပေးတဲ့အတွက် ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေကလည်း ဖော်ထုတ်ခွင့်ရလို့ ကျေးဇူးတင်ပါတယ်

မောင်စိုင်းအောင်

တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဇင်ဦး၊ နွဲ့မွန်၊ ဓာတ်ပုံ- တင်စိုး၊ ဟိန်းထက်ဇော်

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်၌ ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိရာ အောက်တိုဘာ ၁၉ ရက်တွင် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ ရင်တွင်းခံစားချက်စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

ဒေါက်တာရဲဒွေး

ဦးသန်းဝင်း

မောင်စိုင်းအောင်

မဂျူးနှင်းသဇင်

မနှင်းအိရွှေစင်

မေရီတိန့်လော့မ်

မလှိုင်းရွှေစင်

မောင်ရဲထက်

ဒေါက်တာရဲဒွေး(ရုပ်သေးအကဲဖြတ် လုပ်ငန်းအဖွဲ့ခေါင်းဆောင်)

ကျွန်တော်တို့ ရုပ်သေးမှာ ယနေ့ ပြိုင်ပွဲဝင် ၂၅ ဦး ယှဉ်ပြိုင်သွားကြတယ်။ ခါတိုင်းနှစ်တွေထက်စာရင် ပြိုင်ပွဲဝင် ဦးရေတိုးတက်များပြားလာသလို ပြိုင်ပွဲဝင်ကလေးတွေအားလုံးက ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်လာတာကို မြင်တွေ့ရပါတယ်။ ကြိုးဆွဲတဲ့ပညာမှာ ကလေးတွေ၊ မျိုးဆက်သစ်တွေ မြတ်နိုးမှု၊ စိတ်ဝင်စားမှုကို လျှော့မချလိုက်ပါနဲ့။ ဆက်ပြီး ကြိုးစားလေ့လာကြပါ။ ဒါမှသာ ကျွန်တော်တို့ အပင်ပန်းခံရကျိုးနပ်မယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကတော့ ငွေရတုကနေ ရွှေရတုပေါင်းများစွာ ဆက်လက်ရှင်သန်နေဖို့အထူးလိုအပ်တယ်လို့ပြောချင်ပါတယ်။

မေရီတိန့်လော့မ် (ကချင်တိုင်းရင်းသူ) တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ

ကျွန်မတို့က ကချင်တိုင်းရင်းသား ခြောက်မျိုးထဲက လီဆူဝတ်စုံနဲ့ ဖျော်ဖြေတင်ဆက်ခဲ့ပါတယ်။ ကျွန်မက ကချင်လူမျိုးဖြစ်ပြီး မြစ်ကြီးနား အထက ၂ က Grade 12 ကျောင်းသူ ဖြစ်ပါတယ်။ ပထမဆုံးအကြိမ် နေပြည်တော်ကို လာခွင့်ရတာ၊ ပြိုင်ပွဲကြီးမှာ ယှဉ်ပြိုင်ခွင့်ရတာ၊ ကျွန်မတို့ ရိုးရာဝတ်စုံနဲ့ ဖျော်ဖြေကပြခွင့်ရတာ သိပ်ကိုပျော်ရွှင်ကြည်နူးရပါတယ်။ ဒီလို ခမ်းနားကြီးကျယ်တဲ့ ပြိုင်ပွဲကြီးမှာ တိုင်းရင်းသားရိုးရာဂီတနဲ့အကကို ဖော်ထုတ်ခွင့်ပေးလို့ ကျေးဇူးတင်ပါတယ်ရှင့်။ ကချင်အက က လွယ်ကူပြီး ကျန်းမာရေးကောင်းစေပါတယ်။ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးကို ခုန်ပေါက်ကခုန်ရတဲ့ ကချင်အကတွေကို ကတတ်စေချင်ပါတယ်။

မောင်စိုင်းအောင် (ရှမ်းတိုင်းရင်းသား၊ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့) တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ

ကျွန်တော်က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရှမ်းလူငယ်အသင်းဥက္ကဋ္ဌ ဖြစ်တော့ ပဲခူးရောက် ရှမ်းတိုင်းရင်းသားတွေစုစည်းပြီး ပဲခူးတိုင်းအနေနဲ့ ရှမ်းကျေးလက်တေးအကကို ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ဒီဖျော်ဖြေမှုမှာ ရိုးရာတေးသီချင်းပါသလို၊ ရှမ်းအိုးစည်တီးပြီး ကတဲ့ ရိုးရာကကွက်တွေ၊ တိုးနယားအကနဲ့ ရှမ်းဓားသိုင်းအကတွေ စုစည်းပါဝင်ပါတယ်။ တိုင်းရင်းသားအကတွေကို ပါဝင်အောင် ထည့်သွင်းစဉ်းစားပေးတဲ့ အတွက် ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေကလည်း ဖော်ထုတ်ခွင့်ရလို့ ကျေးဇူးတင်ပါတယ်။ ဆန်းသစ်တီထွင်မှုနဲ့ ရိုးရာယဉ်ကျေးမှုကို ပေါင်းစပ်ပြီး တစ်နှစ်ထက်တစ်နှစ် ကျယ်ပြန့်လာပါစေလို့ ဆုတောင်းပါတယ်ခင်ဗျာ။

ဦးသန်းဝင်း (ရှမ်းပြည်နယ်) အတီး၊ ဒုံမင်း (ဝါသနာရှင် ဒုတိယတန်း)

အသက် ၄၅ နှစ်မှာ ဒုံမင်းကို စတီးဖြစ်ခဲ့တယ်။ အရင်က မယ်ဒလင်တီးတယ်။ ဒုံမင်းတီးတတ်ပြီးကတည်းက နှစ် ၃၀ လောက် ဒုံမင်းကိုပဲ စွဲစွဲမြဲမြဲတီးဖြစ်တယ်။ ၂၀၀၃ ခုနှစ်ကတည်းက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဝင်ပြိုင်လာခဲ့တာ တစ်ခါမှ ဆုမရခဲ့ဘဲ (၂၄)ကြိမ်မြောက်မှာတော့ ပထမဆုံးအကြိမ် တတိယဆု ရရှိခဲ့ပါတယ်။ ဒုံမင်းတူရိယာက ဒိုရေမီဖာ ခုနစ်သံက အခြားတူရိယာတွေနဲ့တူပါတယ်။ မတူတာက လက်အနေအထားဖြစ်ပါတယ်။ လက်စုံစုံတီးနိုင်လေလေ ပိုအသံထွက်ကောင်းလေလေပေ့ါ။ မှန်နန်းရာဇဝင်ထဲမှာ စည်မျိုး ၁၂ ပါးရှိပြီး အဲဒီကတည်းက ဒုံမင်းလည်း ပါဝင်ခဲ့လို့ ရှေးတူရိယာလည်း ဖြစ်ပါတယ်။ ကျွန်တော်က လားရှိုးမြို့ကပါ။ လောလောဆယ် စစ်ဘေးရှောင်အနေနဲ့ ဟဲဟိုးက အမျိုးတွေဆီမှာ နေနေပါတယ်။ စစ်ဘေးရှောင်စဉ်မှာလည်း တခြားပစ္စည်းတွေအားလုံးမယူဘဲ ဒုံမင်းကြီးထမ်းပြီး ထွက်လာခဲ့တဲ့အထိ ရူးသွပ်တဲ့သူပါ။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျွန်တော်လာနိုင်တဲ့ အခြေအနေရှိသရွေ့ မဖြစ်ဖြစ်အောင် လာပြိုင်မှာပါ။ ဒုံမင်းနဲ့ပတ်သက်လာရင် ဝါသနာပါသူတိုင်းကို သင်ပေးဖြစ်ပါတယ်။ ဒီနှစ် ငွေရတုပြိုင်ပွဲမှာ ကျွန်တော်က လားရှိုးကနေ ပြိုင်ခဲ့ရတာမဟုတ်ဘဲ ကလောခရိုင်က ပြိုင်ခဲ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံ အမြန်ဆုံးအေးချမ်းသာယာပြီး အနုပညာယဉ်ကျေးမှုတွေကိုလည်း အခုထက်ပိုပြီး ဖော်ထုတ်ခွင့်ရပါစေလို့ ဆုတောင်းပါတယ်ခင်ဗျာ။

မလှိုင်းရွှေစင် (ရှမ်းပြည်နယ်) ရုပ်သေး (ဝါသနာရှင် ဒုတိယတန်း)

ရုပ်သေးက ကြိုးနဲ့ကရတာဆိုတော့ လူကိုယ်တိုင်ကရတာနဲ့ အများကြီး ကွဲပြားပါတယ်။ မသင်ရသေးခင်မှာ အတော်ခက်မယ်လို့ ထင်ထားပါတယ်။ ဝါသနာပါတော့လည်း တအားကြီးတော့ မခက်တော့ပါဘူး။ ရုပ်သေးက တိမ်ကောခါနီး ပညာရပ်ဖြစ်လို့ အားလုံးက စိတ်ဝင်စားပေးကြဖို့၊ တန်ဖိုးထား ကြည့်ရှုပေးကြဖို့ တောင်းဆိုလိုပါတယ်။ ဒီနှစ်မှာ မင်းသားနဲ့ ဇော်ရုပ်ဆွဲ ယှဉ်ပြိုင်ရပါတယ်။ မင်းသားကတော့ ဟန်၊ အချိုးအဆစ်ကျကျနဲ့ ဆွဲရတာပါ။ ဇော်ဂျီရုပ်ကတော့ ရုပ်သေးရုပ်တွေထဲ အခက်ဆုံးလို့ ပြောကြပါတယ်။ သူက အခုန်အပေါက် အစွမ်းပြရတဲ့ အရုပ်ဖြစ်ပါတယ်။ အရင်နှစ်က ပြိုင်ခဲ့ပေမယ့် တိုင်းအဆင့်အထိပဲ ရောက်ခဲ့ပြီး ဒီနှစ်တော့ ပထမဆုံးအကြိမ် ယှဉ်ပြိုင်မှာမို့ အစွမ်းကုန်လေ့ကျင့်ထားပါတယ်။

မဂျူးနှင်းသဇင် (မကွေးတိုင်းဒေသကြီး) ရုပ်သေး (ဝါသနာရှင်၊ ဒုတိယတန်း)

ကျွန်မက အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်မှာ သဘင်ဘာသာ ကျောင်းသူအဖြစ် တက်ရောက်နေပါတယ်။ ရုပ်သေးကို တက္ကသိုလ်ပထမနှစ်မှာ စတင်သင်ယူခွင့်ရခဲ့ပါတယ်။ လူတစ်ယောက် ကပြနေသလို ခြေချိုး၊ လက်ချိုး၊ အဆစ်ချိုးတာလေးတွေ သူများတင်ဆက်တာကြည့်ရင်း ဝါသနာပါလာခဲ့တာပါ။ မနှစ်က ရုပ်သေးပြိုင်တာ လူဦးရေနည်းတယ်လို့ သိရပြီး ကျွန်မတို့ပြိုင်တဲ့ အခုနှစ်မှာ လူတွေအများကြီး ပါဝင်ယှဉ်ပြိုင်ကြတော့ စိတ်လှုပ်ရှားမိပါတယ်။ အရှေ့ပြိုင်ပွဲဝင်တွေဆီကနေ အချို့က လက်ချိုးလှတယ်။ အချို့က ခြေချိုးလှတယ်။ အဲဒါတွေကို ကြည့်ပြီး အသိပညာတိုးပွားရပါတယ်။ ဇော်ဂျီကြိုးဆွဲရတာ အချို့ကခက်တယ်လို့ ပြောပေမယ့် ကျွန်မကတော့ ဇော်ဂျီရုပ်ကို အကြိုက်ဆုံးပါ။ ကျွန်မရဲ့ အားနည်းချက်က ကြိုးသေချာ မရွေးနိုင်ဘူး။ တော်တော်လေ့ကျင့်ခဲ့ရတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး နားသွားတဲ့အချိန်ကတည်း ပြိုင်ချင်ခဲ့တာ။ အခုပြန်လည်ကျင်းပပြီး ပြိုင်ခွင့်ရတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ ကျွန်မက ကျောင်းပြီးသွားရင် ရုပ်သေးဆရာမ တစ်ယောက် ဖြစ်ချင်တာပါရှင့်။

မနှင်းအိရွှေစင်(ပဲခူးတိုင်းဒေသကြီး) အခြေခံပညာ(၁၀-၁၅) ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲ

ဒီနေ့ပြိုင်ပွဲမှာ ဘုံဆောင်မြင့်(ကြိုး) သီချင်းနဲ့ ယှဉ်ပြိုင်ခဲ့ရတယ်။ ပြိုင်ပွဲ ပြိုင်ဖို့အတွက် ရင်ခုန်တယ်။ ပျော်လည်းပျော်တယ်။ ပထမဆုရဖို့ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ထားပါတယ်။ ဒီနှစ်မှာ အခြားပြိုင်ပွဲအနေနဲ့လည်း အခြေခံပညာ (၁၀-၁၅) ဒုံမင်းအတီးပြိုင်ပွဲကိုလည်း ဝင်ရောက် ယှဉ်ပြိုင်ထားပါတယ်။ ပြီးခဲ့တဲ့နှစ်က အခြေခံပညာ(၁၀-၁၅) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲမှာ တတိယဆုရရှိခဲ့ပါတယ်။ သမီးက အခု Grade-7 မှာ ပညာသင်ကြားနေပါတယ်။ ဆိုင်းပညာနဲ့ ဒုံမင်းတီးတာကို သမီးငါးနှစ်အရွယ်ကတည်းက သမီးအမေ ဆိုင်းဆရာမကြီး ဒေါ်မြမြဝင်းဆီကနေ သင်ယူခဲ့ပါတယ်။ ဆိုင်းပညာအမွေပေးတဲ့ သမီးမေမေကိုလည်း ကျေးဇူးတင်ပါတယ်။ သမီးက ဆိုင်းတီးရတာကိုလည်း ပျော်တယ်။ စိတ်လည်းဝင်စားတယ်။ ကြိုက်လည်း ကြိုက်တယ်။ အခုလိုမျိုးပြိုင်ပွဲကြီးတွေ ကျင်းပပေးတဲ့ အတွက်ကြောင့် သမီးတို့လိုလူငယ်မျိုးဆက်သစ်တွေအတွက် အတွေ့အကြုံကောင်းတွေ ရရှိစေတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

မောင်ရဲထက်(ကယားပြည်နယ်) အခြေခံပညာ(၁၀-၁၅) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ

ဒီနေ့ပြိုင်ပွဲမှာ ဘုံဆောင်မြင့်(ကြိုး) သီချင်းနဲ့ တီးခတ်ယှဉ်ပြိုင်ခဲ့ပါတယ်။ အကောင်းဆုံးကြိုးစားပြီး ယှဉ်ပြိုင်ထားပါတယ်။ ဒီပြိုင်ပွဲ ပြိုင်ဖို့အတွက် တော်တော်လေး လေ့ကျင့်ခဲ့ရတယ်။ ဆိုင်းပညာကို အသက်ခုနစ်နှစ်လောက်ကတည်းက စသင်ခဲ့တာ။ သားအဖေ ဆိုင်းဆရာကြီး ဦးပစ်တိုင်းထောင်နဲ့ ဆရာ ဦးဝင်းမြင့်ဆီကနေ လက်ဆင့်ကမ်းအမွေယူခဲ့ပါတယ်။ ဆိုင်းတီးရတာ ဝါသနာပါတယ်။ ဆိုင်းတီးရရင်ကို ပျော်နေတာ။ ကျောင်းပိတ်ရက်တွေဆိုရင် တီးတယ်။ ကျောင်းဖွင့်တဲ့ ရက်ဆိုလည်း ကျောင်းပြန်လာတဲ့ အချိန်ဆိုရင် တီးဖြစ်တယ်။ ကျောင်းတက်ရတာနဲ့ ဆိုင်းတီးရတာဆိုရင် ဆိုင်းတီးရတာ ပိုပြီးတော့ကြိုက်တယ်။ ဆိုင်းအပြင် ပတ္တလားလည်း တီးတတ်တယ်။ မနှစ်ကလည်း အခြေခံပညာ(အသက် ၁၀-၁၅) ဆိုင်းတစ်ဦးချင်းနဲ့ ပတ္တလားတီးတာပြိုင်ခဲ့တာမှာ ဆိုင်းတစ်ဦးချင်းမှာ တတိယရတယ်။ သား ကြီးလာရင် နာမည်ကြီးပြီးတော်တဲ့ ဆိုင်းဆရာကြီး တစ်ယောက်ဖြစ်ချင်တယ်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့ ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

အခါအခွင့်သင့်ပါက တရုတ်နိုင်ငံမှ စွယ်တော်မြတ်အား မြန်မာနိုင်ငံသို့ ပင့်ဆောင်လိုပါကြောင်း ဆွေးနွေးလျှောက်ထား

ရန်ကုန် အောက်တိုဘာ ၁၉

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့မင်းကျောင်း ပထမ ပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ကိုးပါး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအေးထွန်းနှင့် ဗုဒ္ဓ ဘာသာ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နင်းဘိုမြို့၌ ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓ ဘာသာဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ သို့ ပြန်လည်ရောက်ရှိသည်။

ဖိုရမ်တက်ရောက်

နိုင်ငံတော်သံဃမဟာနာယ ကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော ဗုဒ္ဓ ဘာသာကိုယ်စားလှယ်အဖွဲ့နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း တို့သည် အောက်တိုဘာ ၁၅ ရက် မှ ၁၇ ရက်အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကျဲ့ကျန်းပြည်နယ်၊ နင်းဘိုမြို့၊ ရွှယ်တုံးတောင်၌ ကျင်းပြုလုပ်သည့် ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ဖိုရမ်သို့တက် ရောက်ပြီး(ယာပုံ) ခရီးစဉ်အတွင်း Howard Johnson ဟိုတယ် ဧည့်ခန်းမ၌ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော်ကြီး များသည် The Buddhist Association of China ၏ ဥက္ကဋ္ဌ ဆရာတော် Yan Jue အမှူးပြု သော ဆရာတော်ကြီးများနှင့် တွေ့ဆုံခဲ့သည်။(အောက်ပုံ)

ဆွေးနွေးလျှောက်ထား

အဆိုပါ တွေ့ဆုံပွဲတွင် The Buddhist Association of China ဥက္ကဋ္ဌဆရာတော် Yan Jue က နောင်တွင် မြန်မာနိုင်ငံနှင့် တရုတ် နိုင်ငံအကြား ဗုဒ္ဓဘာသာဆိုင်ရာ

ဆွေးနွေးပွဲများ ကောင်းမွန်စွာ ကျင်းပနိုင်ရေး စီစဉ်သွားမည်ဖြစ် ကြောင်း၊ ယခု ဗုဒ္ဓဘာသာဖိုရမ်သို့ ကြွရောက်လာသော ဥက္ကဋ္ဌဆရာ တော်ကြီးနှင့် အဖွဲ့ဝင် ဆရာတော် များအားလုံး စိတ်ချမ်းသာ၊ ကိုယ် ကျန်းမာပြီး အတွေ့အကြုံ ကောင်းများ ပြည့်ပြည့်ဝဝရယူနိုင် ကြပါစေကြောင်း ဆွေးနွေး ပြောကြားခဲ့ပြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသက တရုတ်နိုင်ငံတွင် ယခုလို ဗုဒ္ဓဘာသာနှင့် ပတ်သက် သော အစည်းအဝေးကြီးအား ဗုဒ္ဓ ဘာသာဝင်ပုဂ္ဂိုလ်များ စုပေါင်းပြီး ညီညီညွတ်ညွတ် ပြုလုပ်ခြင်းသည် မိမိတို့ ဗုဒ္ဓဘာသာအတွက် တိုးတက်ကြီးပွားကြောင်း ဖြစ် သည့် အကြောင်းတရား တစ်ခုဖြစ် ကြောင်း၊ အခါအခွင့်သင့်ပါက တရုတ်နိုင်ငံမှ စွယ်တော်မြတ်အား မြန်မာနိုင်ငံသို့ ပင့်ဆောင်လိုပါ ကြောင်း ဆွေးနွေးလျှောက်ထား သည်။

ဆက်ကပ်လှူဒါန်း

တွေ့ဆုံပွဲအပြီးတွင် ဒုတိယ ဝန်ကြီးသည် The Buddhist Association of China ၏ ဥက္ကဋ္ဌ ဆရာတော် Yan Jue အမှူးပြု သော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၁၈ ရက်၌ တရုတ် ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ တွင် China Association for International Friendly Contact ဒုတိယဥက္ကဋ္ဌ Mr. Luo Yu Hai ၊ Southern China Association for International Friendly Contact ဒုတိယဥက္ကဋ္ဌ Mr. Liu Xiao Ming၊ Yunnan Association for International Friendly Contact ဥက္ကဋ္ဌ Mr. Chen Tao နှင့် တွေ့ဆုံ၍ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ ပိုမိုတိုးတက်အောင် ပူးပေါင်းဆောင် ရွက်နိုင်ရေးအတွက် တွေ့ဆုံ ဆွေးနွေးခဲ့သည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား၊ နန်းမြေဘုံသာစံနန်းတော်ရာစန္ဒာမုနိဘုရား ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းသပိတ်လောင်းလှူပွဲသို့ တက်ရောက်ကြည်ညိုလောင်းလှူ

မန္တလေး အောက်တိုဘာ ၁၉

မဟာလောကမာရဇိန် ကုသိုလ် တော်ဘုရားနှင့် နန်းမြေဘုံသာစံ နန်းတော်ရာ စန္ဒာမုနိဘုရား(၁၃၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် နှင့်လေးပြင်လေးရပ်မှ ပင့်သံဃာ အပါး ၂၇၀၀ အား သံဃာ့ဒါန ဆွမ်းသပိတ်လောင်းလှူပွဲအခမ်း အနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာ လောကမာရဇိန် ကုသိုလ်တော် စေတီတော်ရင်ပြင် အင်္ဂါထောင့် နှင့် တောင်ဘက်စောင်းတန်းတို့ တွင် ကျင်းပရာ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကဥက္ကဋ္ဌ သီဟသုဓမ္မမဏိ ဇောတဓရဦးကျော်ဝင်းနှင့် အဖွဲ့ဝင် များ၊ အလှူရှင်များနှင့် ဘုရားဖူး ဧည့်ပရိသတ်များ တက်ရောက် ကြည်ညိုလောင်းလှူကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့်အဖွဲ့သည် မဟာလောက မာရဇိန် ကုသိုလ်တော်ဘုရားအား ဖူးမြော်ကြည်ညို၍ စေတီတော် အား လှည့်လည်ဖူးမြော်ကြပြီး နောက် ရင်ပြင်တော်အင်္ဂါထောင့် တွင် သံဃာ့ဒါနဆွမ်းသပိတ်များ လောင်းလှူကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ နှင့် တာဝန်ရှိသူများ၊ အလှူရှင် များက လေးပြင်လေးရပ်မှ ပင့်သံဃာတော်များအား ဆွမ်း သပိတ်များ၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ် လောင်းလှူကြပြီး ရင်ပြင်တော် အင်္ဂါထောင့်နှင့် တောင်ဘက် စောင်းတန်းတို့တွင် လေးပြင်လေးရပ်မှ ပင့်သံဃာတော် များအား သံဃာ့ဒါနဆွမ်းသပိတ် များ လောင်းလှူနေမှုများကို လိုက်လံကြည့်ရှု ကြည်ညိုကြ သည်။(ယာပုံ)

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား မဟာ လောကမာရဇိန် ကုသိုလ်တော် ဘုရားဂေါပကအဖွဲ့ တွဲဖက် အထွေထွေ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်က မဟာလောက မာရဇိန်ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံ နန်းတော်ရာ စန္ဒာမုနိဘုရားတို့တွင် တပ်ဆင် မည့် ဘုရားဖူးလမ်းညွှန် Pagoda Ditgital Directory ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို ရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၉ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ရတနာပုံစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်နေမှု၊ ဝါကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး ဆောင်ရွက်နေမှု၊ ဝါကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ ကြိတ်လုံးနှစ်လုံးတပ် ဝါကြိတ်စက်အား နေရောင်ခြည် စွမ်းအင်ဖြင့် လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး MSME များ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်များ စနစ်တကျ ဖွံ့ဖြိုးရေးအတွက် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများအား မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်နေသည့်အပေါ် ပြန်လည်သုံးသပ်၍ အားနည်းချက်များ တွေ့ရှိပါက အမြန်ဆုံးပြုပြင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းများအား ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်သည်။

အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး)သို့ ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နည်းပညာပံ့ပိုးမှုဖြင့် အထည်ချုပ်သင်တန်းကျောင်းများဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းများအား အစီအမံများ စနစ်တကျရေးဆွဲဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နို့ချက်စက်ရုံ တည်ဆောက်နိုင်ရေး အတွက် နည်းပညာပံ့ပိုးပေးရန် တင်ပြချက်အရ ပြင်ဦးလွင်မြို့ရှိ ဒီဇင်ဘာ နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြား

ပြီး ဒီဇင်ဘာခြံမှ ထုတ်ကုန်ပစ္စည်းများကို အားပေးကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သုတေသနဌာနခွဲ (ပြင်ဦးလွင်)သို့ ရောက်ရှိပြီး အထက်မြန်မာပြည်ရှိ MSME များမှထုတ်လုပ်သော စားသောက်ကုန်များကို စမ်းသပ်စစ်ဆေးပေးနိုင်ရေးအတွက် ဓာတ်ခွဲခန်းဖွင့်လှစ်ရန် အဆောက်အဦများအား ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် မြစ်သားမြို့ရှိ အမှတ်(၇)အထည်စက်ရုံ (မြစ်သား) သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောက်ဆည် စက်မှုနယ်မြေမှ စက်ရုံမှူးများ၊ အမှတ်(၇)အထည်စက်ရုံ(မြစ်သား)မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး မွန်းလွဲပိုင်းတွင် ရမည်းသင်းမြို့ရှိ အမှတ် (၈) အထည်စက်ရုံခွဲ (ရမည်းသင်း)၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ဆီထွက်သီးနှံများအား ကြိတ်ခွဲနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။(အပေါ်ပုံ)

သတင်းစဉ်

တိုင်းဒေသကြီးဝန်ကြီးချုပ် ဇလွန်မြို့နယ်နှင့် ဟင်္သာတမြို့နယ်အတွင်း၌ မိုးစပါးစံကွက်ရိတ်သိမ်းနေမှုများ ကြည့်ရှုအားပေး

ပုသိမ် အောက်တိုဘာ ၁၉ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်နှင့် ဟင်္သာတမြို့နယ်အတွင်း၌ ၂၀၂၄ - ၂၀၂၅ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု အားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟင်္သာတခရိုင် ဇလွန်မြို့နယ် အုပ်ရှစ်ကွင်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာရှိ တောင်သူ ဦးသန့်ဇော်ဦး၏ စိုက်ကေ ခြောက်ကေတွင် မျိုးစေ့ချကိရိယာအသုံးပြု၍ အတန်းလိုက် အစေ့ချစနစ်ဖြင့် စိုက်ပျိုးသည့် YSR-1 စပါးမျိုးအား ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးပြီး ရိတ်သိမ်းခြွေလှေ့စက်အသုံးပြု၍ စပါးရိတ်သိမ်းရာတွင် စပါးလေလွင့်ဆုံးရှုံးမှု နည်းပါးအောင် ရိတ်သိမ်းရန်နှင့် သီးထပ်စွမ်းအားတိုးတက်စိုက်ပျိုးနိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ တိုင်းဒေသကြီးအတွင်း ကြဲခင်းစနစ်များ လျော့နည်းစေရေးနှင့် တစ်ကေ ၁၀၀ တင်းနှုန်း ပိုမိုတိုးတက်ထွက်ရှိရေး ရည်မှန်းချက်ထားကာ မျိုးစေ့ချကိရိယာများ၊ လက်ဆွဲကောက်စိုက်စက်များ အသုံးပြု၍ စိုက်ပျိုးခြင်းများကို ယခုနှစ် မိုးစပါး စိုက်ရာသီတွင် ဆောင်ရွက်စိုက်ပျိုးခဲ့ရာ သမားရိုးကျကြဲခင်းစနစ် စိုက်ပျိုးခြင်းထက် အထွက်နှုန်းများသည်လည်း သိသာစွာ တိုးတက်ထွက်ရှိခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇလွန်မြို့နယ် မင်းဒရယ်ကျေးရွာအုပ်စု မင်းဒရယ်ကျေးရွာရှိ တောင်သူ ဦးကျော်ဆန်းအေး၏ မိုးစပါးစိုက်ကေ ခုနစ်ကေတွင် စိုက်ခင်းရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်မှုအပေါ် သွင်းအားစုထည့်သွင်းကြဲပက်နေမှုများကို ကြည့်ရှုအားပေးပြီး သီးနှံဖျက်ပိုးမွှားအန္တရာယ်ကျရောက်မှု မရှိစေရေးနှင့် ရိတ်သိမ်းချိန်လေလွင့်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ရပ်ရွာအေးချမ်း သာယာရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။ ယင်းနောက် ဟင်္သာတမြို့နယ် တောင်ကလုံကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာရှိ တောင်သူ ဒေါ်ညိုညိုဆန်း၏ စိုက်ကေ လေးကေတွင် ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးသည့် ရွှေရောစပါးမျိုး စံကွက်ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးပြီး သီးထပ်စွမ်းအား တိုးတက်မြင့်မားရေး၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာများကို တိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။

တိုင်းဒေသကြီးအတွင်း စပါးများရိတ်သိမ်းရာတွင် လေလွင့်ဆုံးရှုံးမှုများ နည်းပါးစေရေးအတွက် စပါးရိတ်သိမ်းခြွေလှေ့စက်မောင်းနှင် နည်းသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့သဖြင့် ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်သူများမှာ စနစ်တကျမောင်းနှင်တတ်ခြင်း၊ စက်ပိုင်းဆိုင်ရာများကို ကောင်းမွန်စွာ နားလည်သိရှိခြင်းများကြောင့် လေလွင့်ဆုံးရှုံးမှုများ နည်းပါးခဲ့ပြီး လယ်ယာသုံးစက်ကိရိယာမောင်းနှင်နည်း သင်တန်းများကိုလည်း ဆက်လက်သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တာချီလိတ်မြို့၌ ရေကြီးရေလျှံမှုဒဏ်ခံရသည့် စာသင်ကျောင်းများအား မြို့မီးလင်းရေးကော်မတီက ကျပ်သိန်း ၅၀၀ ထောက်ပံ့လှူဒါန်း

တာချီလိတ် အောက်တိုဘာ ၁၉ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ရေကြီးရေလျှံမှုဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေခံပညာ စာသင်ကျောင်းများသို့ ငွေကျပ်သိန်း ၅၀၀ ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့က (လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် အ.ထ.က (ဆန်ဆိုင်း)၊ အ.လ.က ခွဲ(တာလေ့)၊ အ.ထ.က.ခွဲ (ပုန်းထွန်)၊ အ.ထ.ကခွဲ (မယ်ဟုတ်) နှင့် အ.လ.က ခွဲ (ပါဆန်း) စသည့် စာသင်ကျောင်းငါးကျောင်းအတွက် လိုအပ်သည့် ကျောင်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ ပြန်လည်ဝယ်ယူ ဖြည့်တင်းနိုင်ရေး အတွက် တာချီလိတ်မြို့ မြို့မီးလင်းရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးတင်လှိုင်က စာသင်ကျောင်း တစ်ကျောင်းလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၅၀၀ ကို ထောက်ပံ့ပေးအပ်ရာ ခရိုင်ပညာရေးမှူးနှင့် သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံရယူခဲ့ကြသည်။

တာချီလိတ်မြို့နယ် မြို့မီးလင်းရေး ဦးဆောင်ကော်မတီအနေဖြင့် တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ သက်ရောက်မှုကြောင့် တာချီလိတ်မြို့နယ်၌ ရေကြီးရေလျှံခြင်း၊ တောင်ကျရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်ခဲ့သည့်ကာလအတွင်း ဒေသခံများ လျှပ်စစ်မီး မပြတ်တောက်ရေးဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ခဲ့သည့်အပြင် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်လည်း တတ်အား သရွေ့ဝိုင်းဝန်းကူညီထောက်ပံ့ပေးအပ် လှူဒါန်းခြင်းများ ဆောင်ရွက်ပေးခဲ့ရှိကြောင်း သိရသည်။

အေးအေးလတ်(ပြန်/ဆက်)

ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၉ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ဆဲလ်သည် ဆက်လက် တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။

မိုး/ဇလ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၉

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၁၉

ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်ထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက် လေ့ကျင့်ခန်းများနှင့် လက်တွေ့ပစ်ခတ်ခြင်းများ(Live Firing) ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်း ဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ် စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် မုံရွာမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု လိုက်လံကြည့်ရှုစစ်ဆေး

မုံရွာ အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက မုံရွာမြို့ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုဈေးကြီး၌ ကုန်ဈေးပွဲရုံအခန်းပေါင်း ၉၆ ခန်းပါဝင်သည့် အလျားပေ ၈၀၊ အနံပေ ၆၀ ရှိ ကုန်ဈေးပွဲရုံ ၁၂ ရုံ တည်ဆောက်ရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်အား တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ကုန်ဈေးပွဲရုံများ တည်ဆောက်နေမှုလုပ်ငန်းများ၊ ပွဲရုံများအတွင်း ရေးစီးရေလာကောင်းမွန်စေရေးနှင့် ကွန်ကရစ်လမ်းများ ခင်းကျင်းနေမှုအခြေအနေများနှင့် ချမ်းမြဝတီရပ်ကွက်ရှိ ပြည်သူ့ဥယျာဉ်တည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ်ကာလတွင် စံချိန်စံညွှန်းမီအရည်အသွေးကောင်းမွန်စွာ တည်ဆောက်ပြီးစီးရေး၊ ကုန်ဈေးပွဲရုံ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်သွားရေး၊ မီးဘေးအန္တရာယ်ကို ကြိုတင်မျှော်တွေးကာ စီမံဆောင်ရွက်ထားရေးနှင့် ကုန်ဈေးပွဲရုံများ တည်ဆောက်ပြီးစီးပါက ကော်မတီများဖွဲ့စည်းကာ စနစ်တကျနေရာချထားသွားရေးတို့ကို မှာကြားကာ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ ကုန်ဈေးပွဲရုံများ တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အရှေ့ဘက်ကန်သာယာကန်ပတ်လည် အရှည် ၁၃၈၉၆ စတုရန်းပေအား ၆ ပေ အကျယ် လျှောက်လမ်းချဲ့ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အနောက်ဘက်ကန်သာယာကန်သို့ရောက်ရှိရာ ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ အောင်ချမ်းသာဈေးသို့ ရောက်ရှိရာ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးက အောင်ချမ်းသာဈေးရှိ ဈေးဆိုင်ခန်းများ ရောင်းချနေမှုအခြေအနေများ၊ ဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ကာလကြာမြင့်ပြီဖြစ်သည့် ဈေးရုံအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်ရန်လိုအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြုပြင်ရန်လိုအပ်သည့် ဈေးဆိုင်ခန်းများ အမြန်ပြုပြင်ဆောင်ရွက်ရေးနှင့် ဈေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောင်ချမ်းသာဈေးအတွင်း ဈေးရောင်းချနေသူများနှင့် ဈေးဝယ်လာရောက်ကြသည့် ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မအူပင်မြို့၌ (၁၁၂)ကြိမ်မြောက် တာဝတိံသာဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

မအူပင် အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ (၁၁၂)ကြိမ်မြောက် တာဝတိံသာဘုရားပွဲတော်ကို ယမန်နေ့ မွန်းလွဲပိုင်းမှစတင်၍ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါ တာဝတိံသာဘုရားပွဲတော်တွင် မအူပင်မြို့ရှိ မဟာဗောဓိဘုန်းတော်ကြီးကျောင်းမှ ဦးဆောင်ကျင်းပလာခဲ့ရာ (၁၁၂)ကြိမ်ရှိခဲ့ပြီဖြစ်ပြီး မဟာဗောဓိတန်ဆောင်းတော်ကြီးမှ တာဝတိံသာမြတ်စွာဘုရားသည် နတ်ဗြဟ္မာများခြံရံလျက် မြို့နယ်အတွင်းဒေသစာရီကြွချီ အပူဇော်ခံရာ လမ်းတစ်လျှောက်၌ အများပြည်သူများက ဖူးမြော်ကြည်ညိုခြင်း၊ စတုဒိသာများကျွေးမွေးလှူဒါန်းခြင်း၊ လှူဒါန်းဖွယ်ရာများဆက်ကပ်လှူဒါန်းခြင်းများဖြင့် ကုသိုလ်ပြုခဲ့ကြသည်။ မအူပင်မြို့တွင် တာဝတိံသာဘုရားပွဲတော်အား သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ လပြည့်ကျော် ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

နေတန်ယာဟု၏ နေအိမ်ကို ပစ်မှတ်ထား၍ လက်ဘနွန်က ဒရုန်းတစ်စင်း ပစ်လွှတ်

ဂျေရုဆလင် အောက်တိုဘာ ၁၉

အောက်တိုဘာ ၁၉ ရက်က လက်ဘနွန်မှနေ၍ ပစ်လွှတ်လိုက်သည့်ဒရုန်းတစ်စင်းသည် မြောက်ပိုင်းကမ်းရိုးမြို့ဖြစ်သည့် ကေဆရီယာမြို့ရှိ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏နေအိမ်ကို ပစ်မှတ်ထားခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ်ရုံးက ပြောသည်။

ထိုအချိန်တွင် ဝန်ကြီးချုပ်နှင့် ဇနီးဖြစ်သူတို့မှာ နေအိမ်တွင်မရှိကြကြောင်း၊ ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေကျေပျက်စီးသူမရှိကြောင်း ဝန်ကြီးရုံးက ပြောသည်။ အဆိုပါမြို့ရှိ နေအိမ်တစ်လုံးကို ဒရုန်းထိမှန်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ အဆိုပါနေအိမ်မှာ ဝန်ကြီးချုပ်နေတန်ယာဟု၏ အိမ်မဟုတ်ဟု သတင်းအရင်းအမြစ်များကို ကိုးကားကာ အစ္စရေးမီဒီယာများတွင် ဖော်ပြသည်။ တစ်ချိန်တည်းမှာပင် အစ္စရေးသို့ လွှတ်တင်လိုက်သည့် အခြားသောဒရုန်းနှစ်စင်းကိုလည်း အောင်မြင်စွာကြားဖြတ်ဟန့်တားနိုင်ခဲ့သည်ဟု အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြောသည်။

မွန်းလွဲပိုင်းတွင် အစ္စရေးနိုင်ငံအလယ်ပိုင်း ဂလစ်လော့၌ လေကြောင်းရန် ဥသြအချက်ပေးသံများ ဆူညံစွာထွက်ပေါ်လာခဲ့သည်။ အဆိုပါနေရာမှာ ထိပ်တန်းဆိုက်ဘာထောက်လှမ်းရေးယူနစ် ၈၂၀၀ တည်ရှိရာနေရာဖြစ်သည်ဟု သိရသည်။

စက်တင်ဘာလအတွင်းကလည်း အစ္စရေးဝန်ကြီးချုပ် လိုက်ပါလာသည့် လေယာဉ်ဆင်းသက်ရာ ဘင်ဂူရီယန် လေဆိပ်သို့ ဦးတည်၍ ယီမင်နိုင်ငံမှ ဟူသီသူပုန်များက ပဲ့ထိန်းဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ရာ ကြားဖြတ်ဟန့်တားနိုင်ခဲ့သည်။ **ဆင်ဟွာ**

ဒရုန်းတိုက်ခိုက်မှုအပြီး ကေဆရီယာမြို့လမ်းမထက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ကတ္တရာစေးဘောလုံးသဏ္ဌာန် အရာဝတ္ထုများ သောင်တင်လာသည့်အတွက် ပိတ်ထားရသည့် ဆစ်ဒနီကမ်းခြေများအားလုံး ပြန်ဖွင့်

ဆစ်ဒနီ အောက်တိုဘာ ၁၉

ဆစ်ဒနီရှိ ကမ်းခြေအချို့ကို ကတ္တရာစေး ဘောလုံးသဏ္ဌာန် အရာဝတ္ထုများ သောင်တင်ညစ်ညမ်းနေသည့်အတွက် ပိတ်ထားခဲ့ရပြီး အောက်တိုဘာ ၁၉ ရက်တွင် ကမ်းခြေများအားလုံးကို ပြန်ဖွင့်ပေးလိုက်ပြီဟု သိရသည်။

ဘောလုံးသဏ္ဌာန် ထူးဆန်းသည့်အညစ်အကြေးများ ကမ်းခြေတွင် လာရောက်သောင်တင်သည့်အတွက် ဆစ်ဒနီအရှေ့ပိုင်းရှိ ကမ်းခြေခုနစ်ခုကို အောက်တိုဘာ ၁၅ ရက်မှစတင်၍ ပိတ်ထားခဲ့ရသည်။ ဘွန်ဒီကမ်းခြေနှင့် အခြားသော ကမ်းခြေအချို့မှာ အောက်တိုဘာ ၁၈ ရက် ပြန်ဖွင့်ခဲ့သည်။ ကျန်ကမ်းခြေများကိုလည်း အောက်တိုဘာ ၁၉ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရေး ရှင်းလင်းမှုများ လုပ်ဆောင်ခဲ့သည်။

ညစ်ညမ်းမှု ဖြစ်ပေါ်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း၊ အဆိုပါ အရာဝတ္ထုများမှာ လူသားများအပေါ် အဆိပ်ဖြစ်စေမှု မြင့်မားခြင်းမရှိဟု နယူးဆောက်ဝေးပြည်နယ် ပင်လယ်ရေကြောင်းအာဏာပိုင်အဖွဲ့က အောက်တိုဘာ ၁၉ ရက်တွင် ပြောသည်။

အဆိုပါ အလုံးများမှာ လောင်စာဆီနှင့် ရောစပ်ပြီး တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် အလှကုန်များတွင် တွေ့ရှိရသည့် ဓာတုပစ္စည်းများဖြင့် ဖွဲ့စည်းထားကြောင်း တွေ့ရှိရသည်ဟု နယူးဆောက်ဝေးပြည်နယ် ပင်လယ်ရေကြောင်း အာဏာပိုင်အဖွဲ့ အမှုဆောင်ဒါရိုက်တာ မာ့ခ်ဟတ်ချင်းကပြောသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ တာဝန်ရှိသူကို ပြင်းထန်စွာ အပြစ်ပေးသင့်သည်ဟု နယူးဆောက်ဝေးပြည်နယ် သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီး ပန်နီရှပ့်က ပြောသည်။ **ဆင်ဟွာ**

အာဖဂန်နစ္စတန်နိုင်ငံက ခြောက်လအတွင်း အမေရိကန်ဒေါ်လာ ၃၁ သန်းတန်ဖိုးရှိ သစ်သီးဝလံများ တင်ပို့နိုင်ခဲ့

ကဘူးလ် အောက်တိုဘာ ၁၉

ပြီးခဲ့သည့်ခြောက်လတာကာလအတွင်း အာဖဂန်နစ္စတန်နိုင်ငံသည် အမေရိကန် ဒေါ်လာ ၃၁ သန်း တန်ဖိုးရှိသည့် လတ်ဆတ်သော သစ်သီးဝလံများ တင်ပို့နိုင်ခဲ့သည်ဟု စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး အာခ်ဟန်ဇာဒါအဗ္ဗဒူဆာလမ်ဂျာဝထ်က အောက်တိုဘာ ၁၉ ရက်တွင် ပြောသည်။

အာဖဂန်နိုင်ငံမှ ထုတ်ကုန်များကို တရုတ်၊ ဆော်ဒီအာရေဗျ၊ ယူအေအီး၊ အိန္ဒိယ၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်၊ အမေရိကန်နှင့် ဗြိတိန်နိုင်ငံများသို့ အဓိကတင်ပို့သည်ဟု ၎င်းကဆက်ပြောသည်။ ပန်းသီး၊ ကတွတ်သီး၊ ဖရဲသီး၊ စပျစ်သီး၊ သလဲသီး အစရှိသည်တို့သည် ပြည်ပသို့ အဓိကတင်ပို့သည့်သစ်သီးဝလံများဖြစ်ကြသည်။ အာဖဂန်နစ္စတန်နိုင်ငံ၏ အဓိကတင်ပို့သည့် ပို့ကုန်များမှာ သစ်သီးခြောက်များ၊ ကျောက်မီးသွေး၊ လက်ရက်ကောဇောများနှင့် အဖိုးတန်ကျောက်မျက်တို့ဖြစ်ကြသည်။ **ဆင်ဟွာ**

တောင်ဆူဒန်နိုင်ငံ၌ ရေကြီးမှုကြောင့် လူပေါင်း တစ်သန်းကျော် ရေဘေးသင့်

ဂျူဘား အောက်တိုဘာ ၁၉

တောင်ဆူဒန်နိုင်ငံ၌ နေရာအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆိုးရွားသည့်ရေကြီးမှုများဖြစ်ပွားကာ လူပေါင်း တစ်သန်းကျော် ဘေးသင့်ခဲ့ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ အေဂျင်စီက အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားသည်။

ဆူဒန်နိုင်ငံဒေသ ၇၈ ခုအနက် ၄၂ ခုရှိ လူပေါင်း ၂၇၁၀၀၀ ခန့်မှာ ဘေးလွတ်ရာပြောင်းရွှေ့ခဲ့ရကြောင်း အောက်တိုဘာ ၁၈ ရက် ညနေပိုင်းတွင် ဆူဒန်နိုင်ငံမြို့တော် ဂျူဘား၌ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ထုတ်ပြန်ထားသည်။ တောင်ဆူဒန်နိုင်ငံ၌ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း မကြုံဖူးသည့်ရေကြီးမှုကြောင့် လူပေါင်း ၃ ဒသမ ၃ သန်းအထိ ရေဘေးသင့်နိုင်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။ တောင်ဆူဒန်နိုင်ငံ မိုးရေချိန်မှာ ပျမ်းမျှမိုးရေချိန်အထက်ရှိပြီး မကြုံစဖူးရေကြီးမှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ **ဆင်ဟွာ**

ကင်ညာနိုင်ငံ၌ ကလေး ၃ ဒသမ ၇ သန်းကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

နိုင်ရိုဘီ အောက်တိုဘာ ၁၉

ကင်ညာနိုင်ငံ၌ အသက် ၁၀ နှစ်အောက် ကလေး ၃ ဒသမ ၇၁ သန်းထက်မနည်းကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပြီးဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားသည်။

ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီအပါအဝင် ဒေသကိုးခု၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခဲ့ကြောင်း အောက်တိုဘာ ၁၈ ရက် ညပိုင်းက ကျန်းမာရေးဝန်ကြီး ဒီဘိုရာဘာရာဆာက ပြောကြားသည်။

တဲ့ကာနှာ၊ နိုင်ရိုဘီနှင့် ကင်ညာနိုင်ငံ နယ်စပ်ဒေသဖြစ်သည့် အမ်ဘယ်လီတို့၌ ပိုလီယိုဗိုင်းရပ်စ်တွေ့ရှိကြောင်း အတည်ပြုပြီးနောက် အောက်တိုဘာ ၂ ရက်မှ ၆ ရက်အထိ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း ဝန်ကြီးဘာရာဆာက ပြောကြားသည်။ ဒုတိယအကျော့ ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးမှုကို နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ စီစဉ်ထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးမှုလုပ်ငန်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး အပါအဝင် မိတ်ဖက်အဖွဲ့များက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

အာဖရိကဦးချိုဒေသရှိ အခြားသောနိုင်ငံများကဲ့သို့ပင် ကင်ညာနိုင်ငံ၌ အိမ်နီးချင်းနိုင်ငံများမှ ပိုလီယိုဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုအန္တရာယ် ဆက်လက်ရှိနေဆဲဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။ **ဆင်ဟွာ**

ကင်ညာနိုင်ငံ၌ ကလေးငယ်တစ်ဦးကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးစဉ်။

ဂါဇာမြောက်ပိုင်း၌ အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၃၃ ဦးထက်မနည်းသေဆုံး

ဂါဇာ အောက်တိုဘာ ၁၉

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း ဂျာဘာလီယာ ယာယီစခန်း၌ အောက်တိုဘာ ၁၈ ရက် ညနေပိုင်းက အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၃၃ ဦးထက်မနည်း သေဆုံးကြောင်း ဟားမားစ်ပိုင် ဂါဇာအစိုးရမီဒီယာရုံးက ပြောကြားသည်။ သေဆုံးသူများထဲတွင် အမျိုးသမီး ၂၁ ဦးပါဝင်ပြီး သေဆုံးသူအများအပြားမှာ အပျက်အစီးများအောက်တွင် ပိတ်မိနေသောကြောင့် သေဆုံးသူ ၅၀ အထိ ရှိလာနိုင်ကြောင်း သိရသည်။ တိုက်ခိုက်မှုကြောင့် လူ ၈၅ ဦး ဒဏ်ရာရရှိပြီး အချို့မှာစိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း မီဒီယာရုံးက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် လွိုင်ကော်မြို့နယ်အတွင်း ရေပြန်လည်ကျဆင်းသွားသည့် ဘုန်းတော်ကြီးကျောင်း၊ ဈေး၊ စာသင်ကျောင်းများနှင့် ရပ်ကွက်များ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှု

လွိုင်ကော် အောက်တိုဘာ ၁၉

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး ရေများပြန်လည်ကျဆင်းခဲ့သည့်အတွက် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၏စီမံမှုဖြင့် တပ်မတော်သားများနှင့်မိသားစုဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများက အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ရေပြန်လည်ကျဆင်းသွားသည့် ရှမ်းစုရပ်ကွက် လောပိတလမ်းမကြီးတစ်လျှောက်နှင့် ရွှေကျောင်းပရိယတ္တိစာသင်တိုက်၌ တပ်မတော်သားများနှင့်မိသားစုဝင်များ၊ ဌာနဆိုင်ရာများ၊ မီးသတ်၊ စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ လမ်းမကြီးပေါ်ရှိ သဲနုန်းများ ကင်းစင်ရေး၊ အမှိုက်များရှင်းလင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ပါဝင်ဆောင်ရွက်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့သည်။ ထို့နောက် ရပ်ကွက်နေပြည်သူများက မိမိတို့နေအိမ်များ သန့်ရှင်းသပ်ရပ်မှုရှိစေရေးကို ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး၊ အမှိုက်သိမ်းစနစ်အား ယခုထက်ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးရေး၊ လမ်းမကြီးတစ်လျှောက် တယ်လီဖုန်းနှင့် လျှပ်စစ်မီးကြိုးများ စနစ်တကျရှိအောင် ဆောင်ရွက်သွားရေး၊ ရေစီးရေလာကောင်းမွန်ရန် ရေနုတ်မြောင်းများ ပြန်လည်ဆောင်ရွက်သွားရေး တာဝန်ရှိသူများအား မှာကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ဘီလူးချောင်းတံတား(ရှမ်းပိုင်း)၏ ကြံ့ခိုင်မှုအခြေအနေနှင့် ဘီလူးချောင်းအတွင်း ရေပြန်လည်ကျဆင်းနေမှုအခြေအနေများကို ကြည့်ရှုသည်။ ထို့နောက် သီရိမင်္ဂလာဈေးအတွင်း ရေများကျဆင်း၍ တင်ရှိနေသည့်သဲနုန်းများအား ကင်းစင်ရေးသန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် ပြန်လည်ဆောင်ရွက်ပြီးသည့် ဈေးဆိုင်ခန်းများနေရာချထားပြီး ဈေးများ ပြန်လည်ရောင်းချနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဈေးရောင်းချသူများ၊ ဈေးဝယ်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။ ဈေးအတွင်း အဝင်အထွက်လမ်းများ စနစ်တကျဖြစ်ရေး၊ ဈေး၏ ဆိုင်ကယ်/ယာဉ်ရပ်နားသည့်နေရာများ စနစ်တကျပြုပြင်ဆောင်ရွက်ရေးနှင့် ဈေးပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးထားဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေါနိုးကူးရပ်ကွက် အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှု၊ စက်ယန္တရားများဖြင့် အားကစားကွင်းနှင့် ပတ်ဝန်းကျင်တို့တွင် ချုံနွယ်များရှင်းလင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် တေဇ၊ သဇင်၊ ဒွေးမယ်နော်၊ ခရေ၊ ဇီဇဝါ စာသင်ဆောင်များအား ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးနှင့် သာယာလှပရေး ဆေးသုတ်သွားရန်၊ မုန့်ဈေးတန်းအား အဆင့်မီပြန်လည်တည်ဆောက်သွားရန်နှင့် ရေနစ်မြုပ်ပြီးသည့် ရပ်ကွက်များ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများအား ကျန်းမာရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအတွင်း စာသင်ဆောင်၊ ဆရာ ဆရာမများနှင့် သင်တန်းသားအိပ်ဆောင်၊ စားရိပ်သာ၊ ရေချိုးခန်း၊ သန့်စင်ခန်းနှင့် ရေကျဆင်းရန် ကျန်နေသည့်အဆောင်များအား လှည့်လည်ကြည့်ရှုခဲ့သည်။ ရေများအားလုံးပြန်လည်ကျဆင်းပါက ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ရန်နှင့် မိမိဒေသသို့ ပြန်လည်လာရောက်ပညာသင်ကြားမည့် ကျောင်းသားများအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန် မှာကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အတွင်း အနိမ့်ပိုင်းနမ့်ကွတ်နှင့် ဒေါနိုးကူး ရပ်ကွက်များ၏ ရေကျဆင်းရန် ကျန်ရှိသည့်နေရာများအား လှည့်လည်ကြည့်ရှုကာ ရေပြန်လည်ကျဆင်းနိုင်ရေး စီမံဆောင်ရွက်နိုင်မည့်အခြေအနေများအား ကွင်းဆင်းကြည့်ရှု၍ အမြန်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ လွိုင်ကော်မြို့ပေါ် ရပ်ကွက် ၁၂ ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ရေများပြန်လည်ကျဆင်းပြီဖြစ်သဖြင့် အနိမ့်ပိုင်းရပ်ကွက်အချို့သာ ကျန်ရှိနေပြီး ၆၀ ရာခိုင်နှုန်း ရေကျဆင်းပြီဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် Arise New Generations October Children Camp သင်တန်းဆင်းပွဲနှင့် ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းက မြစ်ကြီးနား ခုတင်-၅၀၀ ဆံ့ ပြည်သူ့ဆေးရုံအတွက် အဆင့်မြင့်လူနာတင်ခုတင် ၁၆ စုံ လှူဒါန်းပွဲတက်ရောက်

မြစ်ကြီးနား အောက်တိုဘာ ၁၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်အတွင်းရှိ Light For All Nations Ministry မှ ဖွင့်လှစ်သော "Arise New Generations" October Children Camp သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

ဦးစွာ သင်တန်းဆင်းပွဲတွင် အဖွဲ့အစည်း တည်ထောင်သူ ဓမ္မဆရာလဂျာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အဖွဲ့အစည်းမှ မူးယစ်ဆေးစွဲလူငယ်များအား ပြန်လည်ပြုစုပျိုးထောင်၍ အလုပ်အကိုင်အတွက် သက်မွေးကျောင်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့တစ်မျိုးသားလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးကို နိုင်ငံတော်အစိုးရက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဦးဆောင်တိုက်ဖျက်နေသကဲ့သို့ ယခုလို ဘာသာရေးအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းကလည်း တတ်နိုင်သည့်ဘက်မှ ပူးပေါင်းပါဝင်လာမှုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း၊ ယနေ့ Light For All Nations Ministry အနေဖြင့်လည်း ပြည်နယ်အတွင်းရှိ မူးယစ်ဆေးစွဲလူငယ် ၃၀၀၀ ခန့်အား ပြန်လည်ပြုစုပျိုးထောင်ပြီး ကိုယ်ထူကိုယ်ထ အသက်မွေးဝမ်းကျောင်းပညာများကို တတ်မြောက်အောင် သင်ကြားပေးနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မူးယစ်ဆေးဝါး၏ အကျိုးအပြစ်ကို နားလည်ပြီး လူမှုပတ်ဝန်းကျင်အတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် မိမိတို့အားလုံးက မဖြစ်မနေ ဝိုင်းဝန်းလက်တွဲကူညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းအားပေးပြောကြားသည်။

ထို့နောက် ကချင်တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ သင်တန်းသားသင်တန်းသူလေးများက ဂုဏ်တော်ချီးမွမ်း ကပြဖျော်ဖြေခြင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သင်တန်းကျောင်းသားများအတွက်သုတ/ရသစာအုပ်စာစောင်များနှင့် ကလေးများအတွက် နေ့လယ်စာအဖြစ် ထောက်ပံ့ငွေကျပ် ၁၆ သိန်းကို တည်ထောင်သူ ဓမ္မဆရာထံ လည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းနှင့် ဇနီးတို့က သင်တန်းသား ကလေးငယ်များအတွက် အားကစားပစ္စည်းမျိုးစုံကို လည်းကောင်း အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြရာ သင်တန်းကျောင်း ဆရာမ ဒေါ်နန်ဆိုင်း(ပညာရေးမှူး-ငြိမ်း) က ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူစကား ပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများသည် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ပြည်နယ်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ ကချင်ပြည်နယ်အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းက ကမကထပြုလုပ်၍ ဖောင်ဒေးရှင်းအဖွဲ့ဝင်များနှင့် အလှူရှင်များက ခုတင် -၅၀၀ ဆံ့ ပြည်သူ့ဆေးရုံအတွက် အဆင့်မြင့်လူနာတင်ခုတင်များ လှူဒါန်းပွဲသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားတွင် ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ ဒုဝါဒေါက်တာဘွမ်ယွမ်က မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးအတွက် ဖောင်ဒေးရှင်းမှ ကမကထပြုလုပ်၍ အဆင့်မြင့်လူနာတင်ခုတင်များကို ပထမအကြိမ်တွင် အစုံ ၃၀ လှူဒါန်းပေးအပ်ခဲ့မှုနှင့် ယခုအကြိမ်အတွက် ထပ်မံလှူဒါန်းနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် အလှူရှင်များအား မိတ်ဆက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းမှ ကမကထပြုလုပ်၍ မြစ်ကြီးနားမြို့ ရွှေဖြူအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမှ အလှူရှင် ဦးထွန်းရီနှင့် ဒေါက်တာဆမ်ပရီတို့က လှူဒါန်းသည့် အဆင့်မြင့်လူနာတင်ခုတင် ၁၀ လုံးနှင့် ယူနန်ဘုံကျောင်း အမျိုးသမီးအဖွဲ့က လှူဒါန်းသည့် ဆေးရုံသုံးအဆင့်မြင့် လူနာတင်ခုတင် ခြောက်လုံးတို့အား အလှူရှင်များကိုယ်စား ဆေးရုံအုပ်ဒေါက်တာဝင်းမော်ထံ ပေးအပ်လှူဒါန်းကြပြီး ပြည်နယ်လူမှုရေးရာဝန်ကြီးက အလှူရှင်များထံ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများသည် ဆေးရုံကြီးအတွင်း လှူဒါန်းထားသည့် ဆေးရုံသုံးအဆင့်မြင့်လူနာခုတင် ၁၆ လုံးအား နေရာချထားမှုအခြေအနေများနှင့် အဆင့်မြင့်ခုတင်များ၏ အသုံးပြုနိုင်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အလှူရှင်များ၏ လိုက်လံရှင်းလင်းပြသမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပြည်နယ် (ပြန်/ဆက်)

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

◆ *ကျောဖုံးမှ*

လေဖိအားနည်းရပ်ဝန်းအဖြစ်သို့လည်းကောင်း၊ ၂၃-၁၀-၂၀၂၄ ရက်နေ့တွင် မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းဆဲလ်နှင့် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်းတို့၏ အရှိန်ကြောင့် ယနေ့ညမှ ၂၄-၁၀-၂၀၂၄ ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၉-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀) နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၉-၁၀-၂၀၂၄ မှ ၂၀-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၉-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀) နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၃-၁၀-၂၀၂၄ မှ ၂၄-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



● *ကျောဖုံးမှ*

ပွဲထွက်လာပြီး ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို ဧရာဝတီယူနိုက်တက်အသင်းကလည်း ခံစစ်ကိုလုံအောင်ပြုလုပ်ပြီး တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃၃ မိနစ်တွင် မတ်ခ်ဆာကီနှင့် ၈၃ မိနစ်တွင် ရဲရင့်အောင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းခေါင်းဆောင် နန္ဒကျော်က ရရှိသည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် မဟာယူနိုက်တက်ကို အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ယူကာ ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နေသည်။ ဟံသာဝတီအသင်းအတွက် ဂိုးများကို ၂၀၊ ၅၈ မိနစ်တွင် စိုးကျော်ကျော်၊ ၃၅ မိနစ်တွင် သန်းတိုးအောင်တို့က သွင်းယူပြီး မဟာယူနိုက်တက်အသင်းအတွက် ဂိုးများကို ၄၀၊ ၄၈ မိနစ်တွင် ကောင်းမြတ်သူက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီတိုက်စစ်မှူး စိုးကျော်ကျော်က ရရှိသည်။ YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက Dagon Port အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးလျက်ရှိသည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ကိုးမိနစ်တွင် ရန်ကျော်ထွေး၊ ၄၁ မိနစ်တွင် ဒေးဗစ်ထန်၊ ၆၁ မိနစ်တွင် ရန်နိုင်ဦး၊ ၇၆ မိနစ်တွင် ကောင်းစည်သူ၊ ၈၂ မိနစ်တွင် အီစိုးတို့က သွင်းယူပြီး Dagon Port အသင်းအတွက် ချေပဂိုးကို ၁၉ မိနစ်တွင် မိုဂူက သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်းခေါင်းဆောင် ဒေးဗစ်ထန်က ရရှိသည်။

ရဲရင့်လွင်
ဓာတ်ပုံ-MNL

စားရေရိက္ခာဖူလုံဖို့ သစ်တောများကို ထိန်းသိမ်းစို့

သစ်တောမောင်

စားရေရိက္ခာ

စားရေရိက္ခာဆိုသည်မှာ သက်ရှိသတ္တဝါများ ရှင်သန်ကြီးထွားနိုင်ရန်အတွက် လိုအပ်သော အာဟာရဖြစ်စေသည့်အရာများကို ဆိုလိုပါသည်။ လူတို့နေ့စဉ်သွားလာနိုင်ရန်၊ ခန္ဓာကိုယ်ဖွံ့ဖြိုးရန်၊ ဉာဏ်ရည်ဖွံ့ဖြိုးရန်နှင့် ရောဂါဘယများအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် အဓိကလိုအပ်သောစွမ်းအင်ကို အစာအာဟာရမှ ရရှိနိုင်မည်ဖြစ်ပါသည်။ အစားအစာများ၊ စားရေရိက္ခာများသည် လူသားတစ်ဦး၏ လူနေမှုဘဝတွင် အခြေခံအကျဆုံးလိုအပ်ချက်လည်း ဖြစ်ပါသည်။

အပင်အမျိုးမျိုးမှ အစေ့အဆန်များ၊ ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများ၊ အဆီများနှင့် တိရစ္ဆာန်များမှ အသားနှင့် အဆီ စသည့် စားရေရိက္ခာတို့ကို ရရှိပါသည်။ မြေထု၊ ရေထုတွင် ထွက်ရှိသော သဘာဝပေါက်ပင်နှင့် ရေထွက်ပစ္စည်းများ၊ လူသားများစီမံလုပ်ဆောင်သော လယ်ယာထွက်ကုန်အစုဝေးများ မွေးမြူရေးအင်အားစုများသည် စားရေရိက္ခာ၏ ထုတ်ကုန်များ ဖြစ်ကြပါသည်။ စားရေရိက္ခာသည် လူသားတို့ အသက်ရှင်မှုအတွက် စွမ်းအင်ကိုပြည့်ဝစေရန် အဓိကထောက်ပံ့သော ပစ္စည်းများဖြစ်ပါသည်။

စားရေရိက္ခာကို အာဟာရဆက်စပ်မှုအားဖြင့် အမျိုးအစားအားဖြင့် အခြေခံအုပ်စုကြီး(၄)မျိုး ခွဲခြားနိုင်ပါသည်။ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးများ၊ ကောက်ပဲသီးနှံများ၊ နို့ထွက်ပစ္စည်းများနှင့် အသားများဟူ၍ ဖြစ်ပါသည်။ ကမ္ဘာ့စားရေရိက္ခာအများစုကို စိုက်ပျိုးရေးနှင့် မွေးမြူရေးမှတစ်ဆင့်ရရှိပါသည်။ ဆန်၊ဂျုံ၊ ပြောင်း၊ အာလူး၊ နေကြာဆီ၊ ပဲပိစပ်ဆီ၊ ပဲဆီ၊ နှမ်းဆီ စသည့် ဆီအမျိုးမျိုး၊ အသား၊ ငါး၊ နို့၊ ပဲအမျိုးမျိုး၊ ဥအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ အစေ့အဆန်များ၊ အခွံမာသီးများ၊ အမြစ်များ၊ ပဲပင်များ၊ ဥများ၊ အနီရောင်အသားများ၊ ဟင်းခတ်အမွှေးအကြိုင်များနှင့် အရည်ရွှမ်းသော အစားအစာများသည် အရေးကြီးသောစားနပ်ရိက္ခာကုန်ကြမ်းများ ဖြစ်ပါသည်။

ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် – ၂ သည် “ဆာလောင်မွတ်သိပ်မှု လုံးဝမရှိ” ရန်ဖြစ်ပြီး “ငတ်မွတ်မှု ရပ်တန့်ရေး၊ စားရေရိက္ခာဖူလုံရေး နှင့် ပိုမိုကောင်းမွန်သော အာဟာရရရှိရန်နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကို မြှင့်တင်ရန်” ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုပုံစံအားလုံးကို အဆုံးသတ်ရန်ရည်မှန်းထားပြီး လူသားအားလုံး အထူးသဖြင့် ကလေးငယ်များ တစ်နှစ်ပတ်လုံး အာဟာရပြည့်ဝပြီး လုံလောက်သော အစားအစာရရှိကြောင်း သေချာစေရန် ရည်ရွယ်ထားသည့် ရည်မှန်းချက်လည်း ဖြစ်ပါသည်။

စားရေရိက္ခာဖူလုံရေးသည် မိသားစုတိုင်းအတွက် အခြေခံအကျဆုံး လိုအပ်ချက် တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတည်ငြိမ်ရေး၊ အေးချမ်းသာယာဝပြောရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စားရေရိက္ခာအမျိုးမျိုး ထုတ်လုပ်ရေးအတွက် နေ့စဉ် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့စားရေရိက္ခာနေ့

ကမ္ဘာ့စားရေရိက္ခာနေ့သည် ၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ကို စတင်တည်ထောင်သည့်နေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် အောက်တိုဘာလ ၁၆ ရက်နေ့ကို ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပလေ့ရှိသည်။ ကမ္ဘာ့စားရေရိက္ခာနေ့သည် ကမ္ဘာနှင့်အဝန်း ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုကို သတိပြုမိစေရန်ရည်ရွယ်၍ နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ ဤနေ့သည် စားရေရိက္ခာဖူလုံရေးနှင့် အားလုံးအတွက် အာဟာရပြည့်ဝသော အစားအစာ ရရှိရေး လိုအပ်ကြောင်း သတိပေးချက်တစ်ရပ်လည်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ စားရေရိက္ခာစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် အစားအစာထုတ်လုပ်မှု၏ အရေးပါမှုကိုလည်း မီးမောင်းထိုးပြခြင်းလည်းဖြစ်ပါသည်။

ယခုနှစ် **ကမ္ဘာ့စားရေရိက္ခာနေ့** ၏ ဆောင်ပုဒ်မှာ **“ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ရရှိရေး လူသားတိုင်း စားရေရိက္ခာပြည့်မီအောင် ဖြည့်ဆည်းပေး” (Right to Foods for a Better Life and Better Future)** ဖြစ်သည်။ လူသားတိုင်းအတွက် ပိုမိုကောင်းမွန်သော ဘဝရရှိရေး၊ ကောင်းမွန်ပြည့်စုံသော အနာဂတ်ကို ပိုင်ဆိုင်နိုင်ရေးအတွက် အစားအစာလုံလောက်မှု၊ ရနိုင်မှုနှင့် လူတိုင်းလက်လှမ်းမီနိုင်မှုကို အခြေခံအခွင့်အရေးတစ်ရပ်အဖြစ် မီးမောင်းထိုးပြခြင်း ဖြစ်သည်။ ယခုနှစ် **ကမ္ဘာ့စားရေရိက္ခာနေ့** တွင် အောက်ဖော်ပြပါ သတင်းစကားများကိုလည်း မျှဝေထားသည်ကို လေ့လာတွေ့ရှိရပါသည် –

- ရာသီဥတုပြောင်းလဲမှုများ ဆက်တိုက်ဖြစ်ပွားမှု၊ ပဋိပက္ခများဖြစ်ပွားမှု၊ စီးပွားရေးကျဆင်းမှု၊ မညီမျှမှုနှင့် ကပ်ရောဂါဖြစ်ပွားမှုတို့ကြောင့် ကမ္ဘာပေါ်ရှိ လူပေါင်း (၇၃၃) သန်းခန့်သည် ငတ်မွတ်မှုနှင့် ရင်ဆိုင်နေရခြင်း၊
- ကမ္ဘာပေါ်ရှိ လူပေါင်း (၂ ဒသမ ၈) ဘီလီယံကျော်သည် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုပုံစံအတိုင်း ဝယ်ယူစားသုံးရန် မတတ်နိုင်ကြခြင်း၊
- လူသားသန်းပေါင်း (၆၀၀) ခန့်သည် အသက်မွေးဝမ်းကျောင်းအတွက် ရေနေအစာအာဟာရစနစ်များပေါ်တွင် အနည်းဆုံးတစ်စိတ်တစ်ပိုင်း မှီခိုနေရခြင်း၊
- ကမ္ဘာ့စားရေရိက္ခာ၏ ၃ ပုံ ၁ ပုံခန့်ကို တစ်နိုင်တစ်ပိုင် လယ်ယာလုပ်ကိုင်သူများမှ ထုတ်လုပ်ပေးခြင်း၊
- ကမ္ဘာ့ဒေသတိုင်းတွင် အရွယ်ရောက်ပြီးသူအမျိုးသမီးများသည် အမျိုးသားများထက် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်းကို ကြုံတွေ့နေရခြင်း၊ အမျိုးသမီးများသည် စားရေရိက္ခာဖူလုံမှုမရှိခြင်း၏ အကျိုးဆက်ကို အမျိုးသားများထက် ၁ ဒသမ ၃ ရာခိုင်နှုန်း ပိုမိုခံစားကြရခြင်း၊
- ဗက်တီးရီးယား၊ ဗိုင်းရပ်စ်များ၊ ကပ်ပါးကောင်များ၊ အဆိပ်အတောက်များနှင့် ဓာတုပစ္စည်းများပါသော အစားအစာများကို စားသုံးခြင်းကြောင့် နှစ်စဉ် လူဦးရေသန်း (၆၀၀) ကျော် နာမကျန်းဖြစ်ပြီး လူပေါင်း (၄၂၀၀၀) ခန့် သေဆုံးလျက်ရှိခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းသည် အရေးကြီးသော နိုင်ငံတကာပြဿနာဖြစ်သည်။
- ကမ္ဘာပေါ်တွင် ခန့်မှန်းခြေအားဖြင့် လူပေါင်း ၈၁၅ သန်းသည် အာဟာရချို့တဲ့လျက်ရှိပြီး တစ်နေ့လျှင် ကလေး ၁၆၀၀၀ ကျော်သည် ငတ်မွတ်ခေါင်းပါးခြင်းကြောင့် သေဆုံးနေကြ ဟု ဆိုပါသည်။

ယနေ့အချိန်အခါတွင် ကမ္ဘာနှင့်တစ်ဝန်း ရာသီဥတုပြောင်းလဲခြင်း၊ သစ်တောများ ပြုန်းတီးခြင်း၊ မြေဆီလွှာအာဟာရလျော့နည်းလာခြင်း၊ မြေအဆင့်အတန်းလျော့ကျခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ ရေခန်းခြောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊ ပိုးမွှားများကျရောက်ခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်ပေါ်လျက်ရှိပြီး စားရေရိက္ခာ ထုတ်လုပ်မှုပမာဏလျော့နည်းကျဆင်းခြင်း၊ အရည်အသွေးများကျဆင်းခြင်း၊ စားရေရိက္ခာရှားပါးခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။ အစာရေစာ ချို့တဲ့ခြင်း၊ အာဟာရချို့တဲ့ခြင်းနှင့် စားရေရိက္ခာပြတ်လပ်ခြင်းသည် အစာငတ်မွတ်ခြင်းကို ဖြစ်စေပါသည်။ အာဟာရပြည့်ဝသော၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ လုံလောက်စွာ စားသုံးနိုင်မှသာ ဘေးရောဂါကင်းရှင်းပြီး ကျန်းမာသန်စွမ်းမည်ဖြစ်ပါသည်။

သစ်တောများမှ ပံ့ပိုးပေးသော စားရေရိက္ခာများ

ယခုအခါတွင် ကမ္ဘာ့နိုင်ငံများ တွေ့ကြုံနေရသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ စိန်ခေါ်မှုများ၊ စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရန် သဘာဝကိုအခြေခံသော ဖြေရှင်းခြင်း

စာမျက်နှာ ၁၇ သို့

❍ ကမ္ဘာနှင့်တစ်ဝန်း ရာသီဥတုပြောင်းလဲခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ မြေဆီလွှာအာဟာရလျော့နည်းလာခြင်း၊ မြေအဆင့်အတန်းလျော့ကျခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ ရေခန်းခြောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊ ပိုးမွှားများကျရောက်ခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်ပေါ်လျက်ရှိပြီး စားရေရိက္ခာထုတ်လုပ်မှုပမာဏလျော့နည်းကျဆင်းခြင်း၊ အရည်အသွေးများကျဆင်းခြင်း၊ စားရေရိက္ခာရှားပါးခြင်းတို့ ဖြစ်ပေါ်လျက်ရှိ

❍ အစာရေစာချို့တဲ့ခြင်း၊ အာဟာရချို့တဲ့ခြင်းနှင့် စားရေရိက္ခာပြတ်လပ်ခြင်းသည် အစာငတ်မွတ်ခြင်းကို ဖြစ်စေပါသည်။ အာဟာရပြည့်ဝသော၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ လုံလောက်စွာ စားသုံးနိုင်မှသာ ဘေးရောဂါကင်းရှင်းပြီး ကျန်းမာသန်စွမ်းမည်

စာမျက်နှာ ၁၆ မှ

နည်းလမ်းများ (Nature-based solutions) ကို အသုံးပြုရန် အလေး ပေးဆောင်ရွက်လာကြပါသည်။ သစ်တောများနှင့် သစ်တောဂေဟာစနစ်သည် ပစ္စုပ္ပန်နှင့် အနာဂတ်စားရေရိက္ခာဖူလုံရေး မြှင့်တင်ရာတွင် အလွန်အရေးကြီးပြီး မရှိမဖြစ် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ဥပမာအားဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (Agroforestry) နည်းစနစ်များသည် စားရေရိက္ခာဖူလုံရေးအတွက် အထောက်အကူပြုနိုင်သည့် သဘာဝကိုအခြေခံသော နည်းလမ်းဖြစ်ပြီး စားရေရိက္ခာဖူလုံခြင်း၊ ဂေဟာစနစ်ထိန်းသိမ်းနိုင်ခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ခြင်း စသည့်အကျိုးကျေးဇူးများ ရနိုင်မည်ဖြစ်ပါသည်။

အခြေခံအားဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်တွင် သစ်တောသစ်ပင်များနှင့် စပါး၊ ပြောင်း၊ နှမ်း၊ မြေပဲ စသည့် ရာသီသီးနှံပင်များ ရောနှောစိုက်ပျိုးခြင်း၊ ဆေးဖက်ဝင်ပင်များ၊ နွယ်ပင်များအပါအဝင် ရာသီသီးနှံအပင်များ၊ နှစ်ရှည်စားပင်သီးပင်များ စိုက်ပျိုးခြင်း၊ ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ကြက်၊ ငှက်၊ ဘဲ စသည့် အိမ်မွေးတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ဒေသနှင့်ကိုက်ညီသော အဖိုးတန်သစ်တောသစ်ပင်များ၊ ကြီးမြန်ပင်များနှင့် ရောနှောစိုက်ပျိုးမွေးမြူခြင်း၊ ဒီရေတောအပင်များနှင့်အတူ ငါး၊ ပုစွန်၊ ကဏန်းတို့ ရောနှောမွေးမြူထုတ်လုပ်ခြင်း စသည်ဖြင့် စုစည်းပူးပေါင်းစိုက်ပျိုးမွေးမြူကာ မြေဧရိယာတစ်ခုတည်းမှ ကုန်ထုတ်လုပ်မှုအများဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များကို ရေရှည်အပြည့်အဝအသုံးချရေးအတွက် စီမံအုပ်ချုပ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဂေဟာစနစ်ကိုတည်ငြိမ်စေပြီး ရာသီဥတုကို ထိန်းညှိပေးနိုင်သည့် သစ်တောသစ်ပင်များနှင့်တွဲဖက်၍ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ခြင်းဖြင့် ကျေးရွာအဆင့်၊ ဒေသအဆင့် ရာသီဥတုမျှတပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အကျိုးကျေးဇူးများ ရရှိစေနိုင်ပါသည်။

သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းအပြင် သဘာဝတောများ ထိန်းသိမ်းခြင်းဖြင့်လည်း စားရေရိက္ခာဖူလုံရေး၊ အစားအစာပေါ်များစွာ ရရှိစေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါသည်။ သစ်တောများနှင့် သစ်တောများပြင်ပ ပေါက်ရောက်သော သစ်ပင်များ၊ လယ်ယာပတ်ဝန်းကျင်တွင် ပေါက်ရောက်လျက်ရှိသော သစ်ပင်များသည် အထူးသဖြင့် စားရေရိက္ခာအရင်းအမြစ်များမှ ရရှိနိုင်သည့်၊ ရှားပါးသည့်အချိန်တွင် စားရေရိက္ခာအမျိုးမျိုးကို ပံ့ပိုးပေးသည့်အတွက် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားရေရိက္ခာဖူလုံမှုအတွက် သိသာထင်ရှားသော အထောက်အပံ့များဖြစ်စေပါသည်။ သစ်တောသစ်ပင်များ၏ စားသုံးနိုင်သော အသီး၊ အရွက်၊ အမြစ်၊ အခေါက်၊ အပွင့်၊ အစေ့ စသည့် သစ်တောထွက်ပစ္စည်းများသည် သစ်တောများအတွင်း အလွယ်တကူရနိုင်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတကာ အာဟာရအရည်အသွေးအပြည့်ရှိသော စားရေရိက္ခာများလည်းဖြစ်ပါသည်။

သစ်တောများမှရရှိသော အစားအစာများသည် စားရေရိက္ခာရှားပါးသောကာလများ၊ အရေးပေါ်ကာလများတွင် သစ်တောများမှ ပံ့ပိုးပေးသော အစားအစာများ၊ စားရေရိက္ခာ အရင်းအမြစ်များ၏ အခန်းကဏ္ဍသည် ပိုမိုအရေးပါလာပါသည်။ ဥပမာအားဖြင့် မှျစ်၊ မှိုနှင့် အသီး၊ အရွက်၊ အမြစ်များ၊ အစေ့များ အပါအဝင် စားသုံးနိုင်သော သစ်တောထွက်ပစ္စည်းများကို သန့်စင်စေရန် ဆေးကြောခြင်း၊ အခြောက်ခံခြင်း စသည်ဖြင့် ပြုပြင်ပြီး သိမ်းဆည်းထားပါက တစ်နှစ်ပတ်လုံး စားရေရိက္ခာထောက်ပံ့မှုကို ရရှိစေနိုင်ပါသည်။ တောတောင်များတွင် နေထိုင်ကျက်စားသည့် စားသုံးနိုင်သော တောကောင်ငယ်များ (bushmeat) ၏ အသားနှင့် အစားအစာများ၊ အင်းဆက်များ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ကန်များမှ ငါးနှင့် ရေထွက်ပစ္စည်းများသည် ဗီတာမင်၊ ပရိုတင်း၊ အဆီ၊ သကြားနှင့် သတ္တုဓာတ်များ ကြွယ်ဝပြီး ရရှိနိုင်မှုအပေါ်မူတည်၍ တစ်နှစ်ပတ်လုံး ရာသီမရွေး စားသုံးနိုင်ပါသည်။

သစ်တောများမှရရှိသော အစားအစာများသည် ပုံမှန်စိုက်ပျိုးမွေးမြူထုတ်လုပ်သော အစားအစာများကဲ့သို့ပင် အာဟာရအရည်အသွေး ကောင်းမွန်ပါသည်။ လူသိများသည့် သစ်တောသစ်ပင်များမှ ရရှိသည့် စားသုံးနိုင်သည့် အသီးအရွက်အပွင့်များမှာ တည်ပင်းသီး၊ ချင်းတည်ပင်းသီး၊ ဖန်ခါးသီး၊ ငါးပေါက်သီး၊ တည်သီး၊ ဆီးဖြူသီး၊ ဥသျှစ်သီး၊ သရက်သီး၊ တောသရက်သီး၊ ဆီးသီး၊ ကနစိုသီး၊ သစ်တိုသီး၊ ဗာဒံစေ့၊ ကြိမ်သီး၊ မိုးသီး၊ သစ်ကြားသီး၊ သီးသီး၊ ကြောင်လျှာသီး၊ မြန်မာကုက္ကိုရွက်၊ တမာရွက်၊ မန်ကျည်းရွက်၊ ဟင်းပြင်းရွက်၊ မဲဇလီပွင့်နှင့် အရွက်၊ လက်ပံပွင့်၊ မလွှပွင့်၊ သခွတ်ပွင့်၊ ဇကရာဇ်ပွင့် စသည်တို့ဖြစ်သည်။ ဒေသအလိုက် သစ်တောများမှရရှိသော အစားအစာများစွာလည်း ရှိပါသည်။

> ❊ **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်ဆောင်ရွက်သော ကျေးလက်ပြည်သူများအနေဖြင့် မိမိကိုယ်ပိုင် လယ်၊ ယာများတွင်ဖြစ်စေ၊ မိမိနေအိမ်ခြံဝင်းများတွင်ဖြစ်စေ တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်း၊ မွေးမြူခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သစ်တောသစ်ပင်များ၊ စားပင်သီးပင်များကို ထည့်သွင်းပေါင်းစပ်စိုက်ပျိုးခြင်းဖြင့် မိမိရပ်ရွာဒေသတွင် ရာသီဥတု ကောင်းမွန်မျှတပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းနိုင် စားနပ်ရိက္ခာဖူလုံပြီး လူမှုစီးပွားဖွံ့ဖြိုးနိုင်မည်၊ လူ့အဖွဲ့အစည်းတစ်ခု စားရေရိက္ခာဖူလုံစွာ ထုတ်လုပ်နိုင်ရေးအတွက် သဘာဝအခြေခံအရင်းအနှီးများဖြစ်သည့် မြေသယံဇာတ၊ ရေ အရင်းမြစ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ တော၊ တောင်၊ ပင်လယ်ကမ်းရိုးတန်းတို့သည် အရေးကြီးသော သဘာဝအခြေခံအရင်းအမြစ်များဖြစ်**

သစ်တောထွက်ပစ္စည်းများနှင့် စားရေရိက္ခာဖူလုံရေး ဆက်စပ်မှု၊ သစ်တောများနှင့် လယ်ယာသစ်ပင်များ၏ အာဟာရပံ့ပိုးမှုသည် အရေးပါလာလျက်ရှိရာ သစ်တောအတွင်း နေထိုင်သူများနှင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်အခြေချသူများသာမက ကျေးလက်ဒေသနေ ပြည်သူများ၊ ဒေသခံပြည်သူများအတွက် မတူကွဲပြားသော အစားအစာများနှင့် အာဟာရအရည်အသွေးကို သိသာစွာ ဖြည့်စွက်ပေးပြီး စားရေရိက္ခာဖူလုံရေးအတွက် ပံ့ပိုးပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်ဆောင်ရွက်သော ကျေးလက်ပြည်သူများအနေဖြင့် မိမိကိုယ်ပိုင် လယ်၊ ယာများတွင်ဖြစ်စေ၊ မိမိနေအိမ်ခြံဝင်းများတွင်ဖြစ်စေ တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်း၊ မွေးမြူခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သစ်တောသစ်ပင်များ၊ စားပင်သီးပင်များကို ထည့်သွင်းပေါင်းစပ်စိုက်ပျိုးခြင်းဖြင့် မိမိရပ်ရွာဒေသတွင် ရာသီဥတု ကောင်းမွန်မျှတပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းနိုင်ပါသည်။ စားနပ်ရိက္ခာဖူလုံပြီး လူမှုစီးပွားဖွံ့ဖြိုးနိုင်မည်ဖြစ်ပါသည်။

စားရေရိက္ခာဖူလုံဖို့ သစ်တောများနှင့် ဂေဟာစနစ်များထိန်းသိမ်းစို့

ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် ၁၅ တွင် ကမ္ဘာလုံးဆိုင်ရာ ဂေဟာစနစ်အား ထိန်းသိမ်းကာကွယ်ပြီး စဉ်ဆက်မပြတ်အသုံးပြုနိုင်ရေး၊ သစ်တောများ ထာဝစဉ်တည်တံ့စေရန် စီမံအုပ်ချုပ်ရေးနှင့် သဲကန္တာရဖြစ်ထွန်းမှုပပျောက်စေရေး၊ မြေယာပြုန်းတီးယိုယွင်းမှု ရပ်တန့်စေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းကျဆင်းမှုရပ်တန့်စေရေးဟူ၍ ရည်မှန်းချက်ပန်းတိုင်အဖြစ် ထည့်သွင်းထားသည်ကိုလည်း လေ့လာတွေ့ရှိရမည်ဖြစ်သည်။

လူ့အဖွဲ့အစည်းတစ်ခု စားရေရိက္ခာဖူလုံစွာ ထုတ်လုပ်နိုင်ရေးအတွက် သဘာဝအခြေခံအရင်းအနှီးများဖြစ်သည့် မြေသယံဇာတ၊ ရေ အရင်းမြစ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ တော၊ တောင်၊ ပင်လယ်ကမ်းရိုးတန်းတို့သည် အရေးကြီးသော သဘာဝအခြေခံအရင်းအမြစ်များဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်သော၊ သဟဇာတမျှတသော ဂေဟာစနစ်များသည် ဂေဟာစနစ်ဝန်ဆောင်မှု အကျိုးကျေးဇူးများစွာကို ထောက်ပံ့နိုင်ပြီး နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဦးစားပေးလုပ်ငန်းများကို အောင်မြင်ရန် ပံ့ပိုးနိုင်သည်။

အဓိကအားဖြင့် အပင်များနှင့် တိရစ္ဆာန်များအတွက် နေရင်းဒေသများ ထောက်ပံ့ပေးခြင်း၊ အမျိုးမျိုးသော အစာကွင်းဆက်နှင့် အစာကွန်ရက်များကို ဖြစ်ထွန်းမြှင့်တင်ပေးခြင်း၊ မရှိမဖြစ်အရေးပါသည့် ဂေဟာစနစ်ဖြစ်စဉ်များကို ထိန်းညှိခြင်းနှင့် သက်ရှိများ ဆက်လက်ရှင်သန်ရေးကို ပံ့ပိုးကူညီခြင်း၊ သက်ရှိနှင့် သက်မဲ့များအကြား ဆက်စပ်နေသော အာဟာရဖြစ်စဉ်များအတွက် ပံ့ပိုးပေးခြင်းနှင့် စွမ်းအင်၊ ကာဗွန်၊ နိုက်ထရိုဂျင်၊ အောက်ဆီဂျင်နှင့် ရေသံသရာလည်ပတ်မှုဖြစ်စဉ်များအပါအဝင် ဂေဟာစနစ်အတွင်း စွမ်းအင်စီးဆင်း လည်ပတ်မှုတို့ကို ထိန်းသိမ်းကူညီခြင်း စသည့်လုပ်ငန်းများကို ကောင်းမွန်မျှတသည့် ဂေဟာစနစ်က ဆောင်ရွက်ပေးပါသည်။

သစ်တောများ၊ ကမ်းရိုးတန်း ဒီရေတောများ၊ ဂေဟာစနစ်များသည် အသား၊ ငါးနှင့် ရေထွက်ပစ္စည်းအပါအဝင် အစားအစာများ၊ အမျှင်ဓာတ်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ထောက်ပံ့ပေးရုံသာမက လေမုန်တိုင်းကျရောက်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မိုးခေါင်ရေရှားခြင်း၊ အပူအအေး လွန်ကဲခြင်း စသည့် သဘာဝဘေးအန္တရာယ်များကို လျော့ပါးသက်သာစေပြီး ရာသီဥတုမျှတစေရန် ထိန်းညှိပေးကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ စားရေရိက္ခာထုတ်လုပ်မှုလုပ်ငန်းများကို အကျိုးပြုလျက်ရှိသဖြင့် သစ်တောများ ထိန်းသိမ်းရေး၊ ရေတိမ်ဒေသများနှင့် ကမ်းရိုးတန်းဒီရေတောများ ထိန်းသိမ်းရေး၊ ဂေဟာစနစ်များ တည်ငြိမ်ကောင်းမွန်စေရေးအတွက် အထူးအလေးထား ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

စားရေရိက္ခာဖူလုံရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများရရှိစေရန်နှင့် ဂေဟာစနစ်များ တည်ငြိမ်ကောင်းမွန်စေရန်အတွက် ကျယ်ပြန့်သောအမြင်ဖြင့် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု၊ သုတေသနနှင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ စဉ်ဆက်မပြတ်တိုးမြှင့်ဆောင်ရွက်ခြင်း၊ မတူကွဲပြားသော သီးနှံထုတ်လုပ်မှုများအားပေးမြှင့်တင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးရေးသီးနှံများနှင့်နည်းစနစ်များ၊ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ကျယ်ပြန့်လာစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ ဘေးကင်းပြီး အာဟာရပြည့်စုံသော အစားအစာများ ထုတ်လုပ်ခြင်း၊ အစားအစာဆုံးရှုံးမှုများ လျှော့ချခြင်း၊ အစားအသောက်ဘေးကင်းရေးနှင့် ကျန်းမာရေးကို ဦးစားပေးခြင်း၊ Corporate Social Responsibility (CSR) လုပ်ငန်းများ မြှင့်တင်ခြင်း၊ စားရေရိက္ခာထုတ်လုပ်မှုဆိုင်ရာ အသိပညာပေးခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍ၊ ပညာရေးနှင့် သုတေသနအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများ၊ အရပ်ဘက်အဖွဲ့အစည်းများ အပါအဝင် ဆက်စပ်ပတ်သက်သူများအားလုံး ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စားရေရိက္ခာဖူလုံရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ ထုတ်လုပ်နိုင်ပြီး နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း **ကမ္ဘာ့စားရေရိက္ခာနေ့** အားဂုဏ်ပြုတင်ပြအပ်ပါသည်။ ။

မော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၉ ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါ ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၆၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၉

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၆၄၂၈၄၇) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် လက်ဝတ်ရတနာပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၀၁၂၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၉၄၄၀၄၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ မြိုင်ကလေးသို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Daihatsu Hijet တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၇၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အောက်တိုဘာ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၇ ဒသမ ၂၄၉ တန်၊ သစ်မာ တန် ၄ ဒသမ ၆၆၀၊ အခြားသစ် ၃ ဒသမ ၅၁၁ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၁၆၃၈၇ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၅ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၈၈၀၄၃၄) ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် လူသုံးကုန်ပစ္စည်းများ တရားမဝင် တင်သွင်းလာသည်ကို တွေ့ရှိရ၍ သုံးစွဲသူပြည်သူများအတွက် ဘေးအန္တရာယ်ထိခိုက်နစ်နာမှုများ ဖြစ်စေနိုင်ခြင်းနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် တရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်

ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

မြစ်ကြီးနားမြို့၌ ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

နေပြည်တော် အောက်တိုဘာ ၁၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၌ အောက်တိုဘာ ၁၈ ရက်က ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက် နံနက် ၅ နာရီတွင် မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မြစ်ကြီးနားမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မိနစ် ၃၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အားစိစစ်ခဲ့ရာ အဆိုပါရပ်ကွက် နေ ဦးရာဂျန်း (၆၂) နှစ်သည် နေအိမ်အတွင်း၌ ဖယောင်းတိုင်မီးထွန်းထားရာမှ အနီးရှိထရံအား မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ပျက်စီးခဲ့သဖြင့် ရာဂျန်းအား မြစ်ကြီးနားနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပခုက္ကူမြို့၌ မီးပလပ်ခုံအပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

နေပြည်တော် အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ အောက်တိုဘာ ၁၈ ရက်က မီးပလပ်ခုံ အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက် နံနက် ၁ နာရီ မိနစ် ၄၀ တွင် ပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပခုက္ကူမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ရာ မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အား စိစစ်ခဲ့ရာ အဆိုပါရပ်ကွက်နေ ဒေါ်ငြိမ်းငြိမ်းသန်း (၅၇)နှစ်သည် ၎င်းပိုင်ဆိုင်သည့် စားသောက်ဆိုင်အတွင်း၌ ထမင်းပေါင်းအိုးတည်ထားရာမှ မီးပလပ်ခုံအပူလွန်ကဲ၍ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် အလျားပေ ၅၀၊ အနံပေ ၄၀ ခန့်ရှိ သွပ်မိုး/အုပ်ညှပ် တစ်ထပ်အဆောက်အအုံတစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် ငြိမ်းငြိမ်းသန်းအား ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ကို ၂၀၂၀ ပြည့်နှစ်တွင်ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့် လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၉

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ခရမ်းမြို့နယ် ကန်ညီနောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းဆောင်ရွက်မှုစစ်ဆေး

ခရမ်း အောက်တိုဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကန်ညီနောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။ (ယာပုံ)

ထိုသို့စစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေါ်ထားထားနိုင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ရန် ပြောကြားသည်။

ကန်ညီနောင်ကျေးရွာရှိ အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ၆၂၅ ပေ၊ အကျယ် ရှစ်ပေ၊ ထုခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၁၈၀ ကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလအတွင်း စတင်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းအားလုံး၏ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

တွံတေးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြီးစီးမှုစစ်ဆေး

တွံတေး အောက်တိုဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ရာခိုင်နှုန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၁၅ ရက်က တာဝန်ရှိသူများက ခေတ္တိယရွာသစ်ခေတ်မီစံပြကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးနှင့် တာဝန်ရှိသူများသည် ခေတ္တိယရွာသစ် ခေတ်မီစံပြကျေးရွာတွင် ဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် ကျေးလက်မေတ္တာစာကြည့်တိုက်ကို အရှည်ပေ ၅၈၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်းနှင့် သန့်စင်ခန်းတည်ဆောက်ပြီးစီးမှု အခြေအနေများကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးခဲ့သည်။

ခေတ္တိယရွာသစ်ကျေးရွာ၌ အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၂၄ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ်ခြောက်သိန်း စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၁၃၀ အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာကူညီပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူကိုယ်တိုင် ၂၀၂၄ ခုနှစ် ဇူလိုင်လ ဒုတိယအပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ၂၂၂

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	စိုးစိုးနိုင်
စာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	-	ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၁၀-၂၀၂၄ တနင်္ဂနွေနေ့

MRTV HD

၀၆:၀၀ အန္တရာယ်ကင်းသရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရွှ်သုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၉:၁၅ ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၁၂)
၀၉:၄၀ စိတ်အပန်းပြေစေမို့နေပြည်တော်ကိုလာလည်ဖို့
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၃၀ 'ပေါင်းရေ အချစ်ရေ' ဝံ့တွဲတေးများ တေးဂီတပျော်ပြွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၁:၄၀ အသိပညာနှင့်အမှန်တရား
၁၂:၃၀ This Week's Special Interest
၁၃:၀၀ MRTV National News
၁၃:၂၀ မြန်မာ့ရွှေဝင်ရုပ်ရှင် 'မြဖြူသံ' (မြတ်လေး၊ ကြည်ကြည်ထွေး၊ တွံတေးသိန်းတန်၊ မာမာအေး)
၁၆:၅၀ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအတီးအမြိုင်ပွဲ "အတီးမြိုင်ပွဲ" အကဲဖြတ်လုပ်ငန်းအဖွဲ့စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်
၁၇:၂၀ Sports Diary
၁၇:၃၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၈:၄၀ ပြည်ချစ်သားမွန်တေးသဘက်
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၂၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ 'ရိုးရိုးခင်၏ဂီတစွမ်းအား' (အပိုင်း-၂) 'တေးသံရှင်ရိုးရိုးခင်'
၂၁:၂၀ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအတီးအမြိုင်ပွဲ (သတ္တမနေ့)
၂၁:၃၅ ဆေးရောင်စုံရုပ်ရှင် 'ဒီဝါကျော်အဝီ ၁၀ယံ၁အမြန်အစွဲထုတ်ရန်ရှိသည်' (ကျော်ရဲအောင်၊ လျှမ်းပြည့်၊ စိုးမြတ်သူဇာ)

mitv

07:01 Evergreen Classic: Dhamma Settkyar (Nan Sandi)
07:12 A Traditional Snack in NgweSaung (ThaYat Taw Htoe Mont)
07:24 Sayit-Wyne Girls
07:41 Thahtay Kyun Island
07:48 Myanmar Designer Studio: Ael Mondra
08:01 News
08:26 Plant Biotechnology Center
08:52 People's Military Service Law 5
09:01 The Journey of the Rose
09:18 Today Myanmar: Myanma MSME with productivity and innovation (Sausages)
09:25 The Golden Triangle
09:40 Yoga & Health
10:01 News

MRTV NRC

ဝ (၀၆:၀၀ မှ ၀၈:၀၀) ဒွိမားဆန်ပြုတ်ချက်နည်း
ကချင် (၀၈:၀၀ မှ ၁၀:၀၀) ဒုသုရိုးရာခေါင်းပေါင်းပေါင်းနည်း
ကယား (၁၀:၀၀ မှ ၁၂:၀၀) ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၅)
ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀) ကြောင်လျှာသီးချက်
အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀) သဘာဝရဲ့အလှတရားများနဲ့ကျောက်ပုထိုးစေတီတော်
အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀) ခေါင်ဒင်အင်းနှင့် စုပေါင်းငါးဖမ်းပွဲတော်
ချင်း (လိုင်းဇိုး) (၁၅:၀၀ မှ ၁၆:၀၀) ဂေါ်ရခါးသီးနှင့်ကျန်းမာရေး
ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀) တောင်ယာခင်းသို့အလည်တစ်ခေါက်
မွန် (၁၇:၀၀ မှ ၁၉:၀၀) ကြက်ဟင်းခါးသီးအစွမ်း
ရခိုင် (၁၉:၀၀ မှ ၂၁:၀၀) ငှက်ပျောရွက်ရဲ့ကျန်းမာရေးအသုံးဝင်ပုံ
ရှမ်း (၂၁:၀၀ မှ ၂၃:၀၀) ထိန်းသိမ်းအစဉ်အလာတို့ဝေလုရှိရာ (တိုင်းသားတိုင်းလိတိုင်းခမ်းတီးတိုင်းနေ)

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၄:၁၅ News Desk
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၈:၄၅ Festivals Around the World
၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၄၅ ရုံးစမ်းရှာဖွေ ရွှေဟောင်းအငွေ့

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တစ်လင်နှင့်တစ်မယား'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ကိုရီးယားနိုင်ငံ' (အပိုင်း-၁)
၁၁:၃၀ ရှေ့သို့ရှိမည်ပန်းတိုင်ဆီ (အပိုင်း-၅၃)

MRTV FARMERS

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ မြန်မာချစ်တဲ့မုန့်ဟင်းခါး
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၇:၁၅ ဖိုက်ပိုးမွေးမြူသူတာဘက်
၁၈:၀၀ ကိုယ်ချစ်မဝမယ်မင်းကြီး(ဇာတ်လမ်း)
၁၉:၃၀ International Music Hits
၂၂:၀၀ The Batman Ep 2 (နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Weekly Sports Info
၀၇:၄၅ Weekend News
၁၇:၀၀ အားကစားသတင်း
၁၈:၀၀ E Sports

Scan Here
MRTV MRTV MRTV Radio MRTV Radio
Education Channel ကို နေ့စဉ် (နံနက် (၉:၀၀)နာရီမှ ထမင်းစားချိန် (၄)နာရီ (၆)ကြိမ်ဖြင့် ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

၁၉ - ၁၀ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၅၀၀	၈၅၀၀	၅၉၆	၅၀၆၆၀၀၀
MTSH	၃၄၀၀	၃၃၅၀	၂၆၁၃	၈၇၃၀၉၀၀
MCB	၈၄၀၀	၈၄၀၀	၁၀၁	၈၄၈၄၀၀
FPB	၁၉၅၀	၁၉၅၀	၄၀၇	၇၉၃၆၅၀
TMH	၀	၀	၀	၀
EFR	၁၆၅၀	၁၇၀၀	၇၂၀	၁၁၈၈၅၀၀
AMATA	၄၃၀၀	၄၄၀၀	၂	၈၇၀၀
MAEX	၃၄၀၀	၃၄၀၀	၄၀၀	၁၃၆၀၀၀၀
MADPL (PLB)	၃၅၀၀၀	၃၅၀၀၀	၁	၃၅၀၀၀

အီးဗွီကားလောက တိုးတက်လာမည်

ရုပ်ကြွင်းလောင်စာများ ရှားပါးလာတာနဲ့အမျှ သိပ္ပံသုတေသီပညာရှင်များက စွမ်းအင်သစ်ကို အမျိုးမျိုးစမ်းသပ်ရှာဖွေလာကြပါတယ်။ ရုပ်ကြွင်းလောင်စာများဖြစ်တဲ့ ရေနံကို အခြေခံတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ကလည်း ရေနံထုတ်လုပ်ရောင်းချတဲ့ နိုင်ငံတွေက ရေနံကိုလျှော့ထုတ်ပြီး ဈေးကစားနေတဲ့အတွက်ကြောင့် ယနေ့ခေတ် ကမ္ဘာ့ရေနံဈေးကလည်း အဆမတန် မြင့်တက်လာနေတာ သတိပြုမိပါတယ်။

မြင့်မောင်စိုး

ဓာတ်ဆီ၊ ဒီဇယ်ဆီသုံးစွဲမှု အများဆုံးကတော့ မော်တော်ယာဉ်တွေမှာ ဖြစ်ပါတယ်။ သုတေသီတို့ စမ်းသပ်တွေ့ရှိချက်တွေအရ ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ နေရာမှာ အစားထိုးဖို့ အကောင်းဆုံးကတော့ လျှပ်စစ်စွမ်းအင်မှတစ်ပါး အခြားမရှိပြီလို့ပဲ ဆိုရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်လည်း ဘက်ထရီထုတ်လုပ်မှု နည်းပညာကနေ လျှပ်စစ်စွမ်းအင်ကို ရယူပြီးတော့ အီးဗွီကား (Electric Vehicle- EV) တွေကို ကမ္ဘာ့ထိပ်တန်းကားထုတ်လုပ်ရေး ကုမ္ပဏီတွေက ထုတ်လုပ်ဖို့ အပြိုင်ကြိုးပမ်းလာကြပါတယ်။ အဲဒီထဲမှာ တရုတ်နိုင်ငံက ဘက်ထရီနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်တဲ့ BYD လည်း အပါအဝင်ဖြစ်ပါတယ်။

BYD မှ ထုတ်လုပ်သော အီးဗွီကားအောက်ပိုင်း ပြုလုပ်ထားပုံကို တာဝန်ရှိသူတစ်ဦးက ရှင်းပြစဉ်။

ကျွန်တော်တို့ မြန်မာမီဒီယာအဖွဲ့ဟာ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းက ရန်ကုန်မြို့ တရုတ်သံရုံးရဲ့ ဖိတ်ကြားမှုနဲ့ တရုတ်နိုင်ငံသို့ သွားရောက်လေ့လာခဲ့တဲ့ ခရီးစဉ်ထဲမှာ BYD အီးဗွီကားထုတ်လုပ်ရေး ကုမ္ပဏီကိုလည်း သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ ဒီကားထုတ်လုပ်ရေး စက်ရုံဟာ ကွမ်ဒေါင်းပြည်နယ်ထဲက စန်းကျန့်မြို့အနီးမှာ ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကို အီးဗွီကား အများဆုံးတင်သွင်းနေတဲ့ ကုမ္ပဏီလို့လည်း သိရပါတယ်။ ကျွန်တော်တို့ မီဒီယာအဖွဲ့ ရောက်သွားတဲ့ အချိန်မှာတော့ ကုမ္ပဏီတာဝန်ရှိသူတွေက လာရောက်ကြိုပြီး အပေါ်ထပ်ကို စက်လှေကားနဲ့ တက်သွားကြပါတယ်။ စက်ရုံရဲ့ အပေါ်ထပ်ကို ရောက်သွားတယ်ဆိုရင် စက်ရုံတာဝန်ရှိ အမျိုးသမီးငယ်တစ်ဦး စက်ရုံရဲ့ နောက်ခံသမိုင်းကြောင်းနဲ့ အီးဗွီကားထုတ်လုပ်မှု တိုးတက်ပြောင်းလဲဆောင်ရွက်ခဲ့မှုကို ပြခန်းတစ်ခန်းချင်း လိုက်လံပြသပေးခဲ့ပါတယ်။ BYD ကုမ္ပဏီက ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်ကစပြီး Lithium-ion ဘက်ထရီကို စတင်ထုတ်လုပ်ခဲ့တယ်လို့ ဆိုပါတယ်။ လျှပ်စစ်မော်တော်ကားတွေရဲ့အသက်က ဘက်ထရီဖြစ်ပါတယ်။ ဒါပေမယ့် BYD ကုမ္ပဏီအနေနဲ့ မူလကနဦးက ကားတွေအတွက် ဘက်ထရီထုတ်လုပ်ခဲ့တာ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ဒီကုမ္ပဏီက ကမ္ဘာ့နာမည်ကြီး ဖုန်းအမှတ်တံဆိပ်တွေဖြစ်တဲ့ Motorola နဲ့ Nokia တို့အတွက် လိုအပ်တဲ့ ဘက်ထရီတွေ ထုတ်လုပ်ပေးခဲ့တယ်လို့ ဆိုပါတယ်။ BYD ကုမ္ပဏီရဲ့ ပထမဆုံးကုမ္ပဏီရုံးခွဲကို နယ်သာလန်နိုင်ငံမှာ ဖွင့်လှစ်ခဲ့တယ်လို့ သိရပါတယ်။ ကျွန်တော်တို့တွေ့ခဲ့ရတဲ့ ပြကွက်တစ်ခုကတော့ မော်တော်ကားတစ်စီးကို ဖန်သားနဲ့မြင်နိုင်အောင် ပြုလုပ်ထားပြီး ရေထဲကိုမောင်းပြတဲ့ Video Clip တစ်ခုကိုလည်း ကြည့်ရှုခဲ့ရပါတယ်။ ဆိုလိုတာက BYD ရဲ့ ကားဘက်ထရီက ရေထဲတောင် အသုံးပြုလို့ရတယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ ပြောချင်တာက ဘက်ထရီနည်းပညာက အတော်လေး အဆင့်မြင့်မြင့် ပြုလုပ်ထားတယ်လို့ဆိုတာပါ။ ပြီးတော့ ဒီကုမ္ပဏီက ဟောင်ကောင်စတော့အိတ်ချိန်း ထိပ်တန်းစာရင်းဝင်ကုမ္ပဏီလည်း ဖြစ်ပါတယ်။

ယခုအခါမှာတော့ BYD ကုမ္ပဏီက စမတ်ဖုန်းဘက်ထရီတွေအပြင် အိမ်စီးအီးဗွီကားတွေ အပါအဝင် ကုန်တင်ယာဉ်၊ အမှိုက်သိမ်းယာဉ်တွေ ပါမကျန် သူ့ရဲ့ဘက်ထရီနည်းပညာကို အသုံးချနေပြီလို့ဆိုပါတယ်။ စုစုပေါင်း အီးဗွီမော်တော်ယာဉ် အမျိုးအစား ခုနစ်မျိုးလောက် ထုတ်လုပ်နေတာ တွေ့ရပါတယ်။ ဆိုလိုတာက တရုတ်နိုင်ငံအနေနဲ့ Lithium-ion ဘက်ထရီနည်းပညာကို တွင်တွင်ကျယ်ကျယ် အသုံးချလာနိုင်တာ တွေ့ရပါတယ်။ BYD ရဲ့ နှစ်စဉ် ကားထုတ်လုပ်မှုကလည်း ၅၆ ရာခိုင်နှုန်း တိုးတက်ခဲ့တယ်လို့ ဆိုပါတယ်။ တရုတ်နိုင်ငံမှာ အီးဗွီကားထုတ်လုပ်တင်ပို့မှုက အတော်လေး တိုးတက်နေပြီလို့ ဆိုလိုတာဖြစ်ပါတယ်။

အခုတစ်ခေါက် ကျွန်တော်တို့ ရောက်ခဲ့တဲ့ ကွမ်ကျိုး၊ စန်းကျန့်နဲ့ ချုံကင်းမြို့ကြီးတွေရဲ့ နေရာအနှံ့မှာဆိုရင်လည်း အီးဗွီကားတွေ တွေ့ရပါတယ်။ ဘီးလုံးကြီးကြီး၊ ဘော်ဒီထည်ထည်၊ မီးတန်းအလှတွေနဲ့ အီးဗွီကားတွေက လမ်းတွေပေါ်မှာ တွေ့ရတော့ အထပ်မြင့်တွေ၊ မိုးပျံလမ်းတွေပေါ်တဲ့ တရုတ်မြို့ကြီးတွေ ခေတ်မီတိုးတက်မှုကတော့ ပြောစရာတောင် မရှိတော့ပါဘူး။ အတော်လေးကို ပန်းတင်လှပနေတဲ့ မြင်ကွင်းတွေပါပဲ။ ဒါနဲ့က ဆက်စပ်စဉ်းစားမိတာက ကျွန်တော်တို့နိုင်ငံမှာ အခုနှစ်ပိုင်းအတွင်း အီးဗွီကားတင်သွင်းမှုက ခပ်စိပ်စိပ်တွေ့လာရတယ်။ တင်သွင်းခွင့်ရတဲ့ ကုမ္ပဏီတွေက ဆက်တိုက်သွင်းနေတာပါ။ အများစုကတော့ တရုတ်နိုင်ငံက တင်သွင်းနေတာဖြစ်ပါတယ်။ တင်သွင်းတာနဲ့စာရင် အသုံးပြုမှုကတော့ နည်းနေပါသေးတယ်။ အကြောင်းကတော့ ဘက်ထရီကားဆိုတော့ ပျက်ရင် ပြင်ဖို့ခက်တာကတစ်ကြောင်း၊ ဈေးနှုန်း လက်လှမ်းမမီတာကတစ်ကြောင်း စတဲ့အကြောင်းအရာတွေကြောင့် နှေးကွေးနေတာလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဝမ်းသာစရာသတင်းတစ်ခု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိတဲ့ လျှပ်စစ်မော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းလည်း ပါဝင်လာတာ သတိပြုမိပါတယ်။ နောက်ဆိုရင် မြန်မာနိုင်ငံမှာ အီးဗွီကားတွေ တပ်ဆင်ထုတ်လုပ်တာတွေ ရှိလာတော့မယ်ဆိုတဲ့သဘောပါ။ အဲဒီအခါမှာ သုံးစွဲတဲ့သူတွေလည်း များလာနိုင်ပါတယ်။

အခုတစ်လော ကားနဲ့ပတ်သက်တဲ့ စိတ်ဝင်စားဖွယ် သတင်းတစ်ပုဒ်ကိုလည်း သတိပြုမိလိုက်ပါတယ်။ ကမ္ဘာကျော် နည်းပညာသူဌေးကြီး အီလွန်မတ်စ်ဆိုသူက Tesla ရဲ့ robotaxi မောင်းသူမဲ့တက္ကစီနဲ့ စက်ရုပ်သစ်တွေ ထုတ်ဖော်ပြသခဲ့ပါတယ်။ နည်းပညာခေတ်မှာ တိုးတက်လာတဲ့ ပြယုဂ်တစ်ခုလို့ ဆိုနိုင်ပါတယ်။ Tesla နဲ့ BYD ကုမ္ပဏီတွေဟာ ကမ္ဘာ့အကြီးဆုံး လျှပ်စစ်ကားထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတွေ ဖြစ်ပါတယ်။ ဘာပဲပြောပြော တီထွင်သူတွေက လူသားကမ္ဘာအတွက် အသုံးဝင်မယ့်အရာတွေကို ဆက်တိုက်တီထွင်နေကြဦးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ robotaxi တွေကို လိုက်မမီနိုင်သေးပေမယ့် အီးဗွီကားလောက်တော့ လိုက်မီနိုင်ပါတယ်။ အီးဗွီကားတွေ များများ အစားထိုးသုံးစွဲလာနိုင်တာနဲ့အမျှ ရုပ်ကြွင်းလောင်စာဖြစ်တဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီ ကားအသုံးပြုမှုကလည်း လျော့နည်းလာနိုင်ပါတယ်။ ဒီလိုသာ လျော့သွားမယ်ဆိုရင် နိုင်ငံတော်က နိုင်ငံခြားငွေ ယိုပေါက်ကြီးတစ်ခုကိုလည်း အထိုက်အလျောက် ကာမိစေမှာ ဖြစ်ပါတယ်။ အခုဆိုရင် တစ်လပျမ်းမျှ စက်သုံးဆီတင်သွင်းမှုက မက်ထရစ်တန်ချိန် ငါးသန်းရှိတယ်လို့ သိရပါတယ်။ ဒီလို နိုင်ငံခြားငွေ ဆုံးရှုံးမှုတွေကိုကာမိစေဖို့ နည်းပညာတိုးတက်တဲ့ နိုင်ငံတွေက အီးဗွီကားတွေ အပြိုင်ထုတ်လုပ်နေကြတာ ဖြစ်ပါတယ်။ ။

❖ အီးဗွီကားတွေ များများအစားထိုး သုံးစွဲလာနိုင်တာနဲ့အမျှ ရုပ်ကြွင်းလောင်စာဖြစ်တဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီ ကားအသုံးပြုမှုကလည်း လျော့နည်းလာနိုင်ပါတယ်။ ဒီလိုသာ လျော့သွားမယ်ဆိုရင် နိုင်ငံတော်က နိုင်ငံခြားငွေယိုပေါက်ကြီးတစ်ခုကိုလည်း အထိုက်အလျောက် ကာမိစေမှာဖြစ်ပါတယ်။ အခုဆိုရင် တစ်လပျမ်းမျှ စက်သုံးဆီတင်သွင်းမှုက မက်ထရစ်တန်ချိန် ငါးသန်းရှိတယ်လို့ သိရပါတယ်။ ဒီလို နိုင်ငံခြားငွေ ဆုံးရှုံးမှုတွေကို ကာမိစေဖို့ နည်းပညာတိုးတက်တဲ့ နိုင်ငံတွေက အီးဗွီကားတွေ အပြိုင်ထုတ်လုပ်နေကြတာ ဖြစ်ပါတယ်

ရေထဲတွင် မောင်းနှင်နိုင်သော အီးဗွီကား တစ်စီးကို ပြသထားစဉ်။

BYD မှ ထုတ်လုပ်သော မောင်းသူမဲ့ အီးဗွီကား တစ်စီးကို ပြသထားစဉ်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့ သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် မိုးရွာသွန်းမှုကြောင့် ရေကျော်သည့်နေရာများအား ကြည့်ရှု

တောင်ကြီး အောက်တိုဘာ ၁၉

ရှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးမြို့သည် မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ချုံ၊ နွယ်၊ မြက်များ မရှိစေရေးတို့အတွက် အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီခွဲက အိမ်တော်နှင့် တောင်ကြီးဟိုတယ်ရှေ့ရှိ အများပြည်သူများ အပန်းဖြေသည့်နေရာ၌ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ကွင်းဆင်းကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ရုံးကြီးလမ်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် မြောင်းအတွင်း အမှိုက်များမကျစေရန် ရေနုတ်မြောင်းဖုံး ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ဝန်ထမ်းများက မိမိတို့ဌာနအလိုက် သန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့်မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ယူဆောင်ရွက်နေသော မြို့တော်ခန်းမ ပြန်လည်ပြုပြင်နေမှုနှင့် ခန်းမအတွင်း Led Board တပ်ဆင်ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကြီးမြို့ ရှုခင်းသာပန်းခြံရှေ့၌ Gigabuilt Co.,Ltd. မှ တာဝန်ယူတည်ဆောက်နေသည့် ရေမြောင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် ရေထွက်ဦးလမ်းရှိ ရေထွက်ဦးရေထွက် ရှင်းလင်းဆောင်တွင် ရေထွက်ဦးရေကန်ဆိုင်ရာ အချက်အလက်များ၊ တောင်ကြီးမြို့ လက်ရှိရေပေးဝေမှုဆိုင်ရာ အချက်အလက်များကို မြို့နယ်စည်ပင်သာယာရေးဌာန အင်ဂျင်နီယာမှူးက တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်များသို့ ထီးသိမ်ကျောက်တန်းရေထွက်၊ နားယောင်းရေထွက်၊ ရေထွက်ဦးဂနိုင်ရေထွက်၊ ရှုရှားကန်တို့မှ ရေများဖြန့်ဝေပေးလျက်ရှိကြောင်း ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေထွက်ဦးရေထွက်ရှိသည့်နေရာအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေထွက်မှ ရေများကို ထိန်းသိမ်းနိုင်ရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနများနှင့် ဆောင်ရွက်ရန် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါရေထွက်ဦးရေကန်သည် ရေကန်ဧရိယာ ၁ ဒသမ ၅၀ ဧကရှိပြီး ရေသိုလှောင်နိုင်သည့်ပမာဏ ဂါလန် ငါးသန်း၊ တစ်နေ့ရေပေးဝေနိုင်မှု ဂါလန် သုံးသောင်း၊ အကျိုးပြုလူဦးရေ ၁၄၀၀၊ တောင်ကြီးမြို့ပေါ်ရှိ ရေအေးကွင်း၊ ကန်ရှေ့၊ ကန်အောက်၊ ညောင်ရွှေဟော်ကုန်းရပ်ကွက် စသည့် လေးရပ်ကွက်ကို အကျိုးပြုကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုးရွာသွန်မှုများပြီး ရေထွက်ဦးလမ်း ရေကျော်ခဲ့သည့်နေရာအား သွားရောက်ကြည့်ရှု စစ်ဆေးရာ ရေစီးရေလာကောင်းမွန်စွာ စီးဆင်းနိုင်ရန်အတွက် ရေနုတ်မြောင်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရေမြောင်းများဖြောင့်တန်းနိုင်ရန်အတွက် အမြင့်ပိုင်းနေရာများ၊ ချိုင့်ဝှမ်းနှင့် အနိမ့်ပိုင်းနေရာများကို မြေညှိဆောင်ရွက်ပေးရန် လိုအပ်ကြောင်း စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများအား မှာကြားပြီး မိုးရွာသွန်းမှုကြောင့် မြေပြိုခဲ့သည့်နေရာများဖြစ်သည့် မြစိမ်းတောင် ဘုရားအတက်လမ်းနှင့် ရွှေဘုန်းပွင့် ဘုရားအတက်လမ်းဘေးညာဘက်တို့တွင် မြေရှင်း ဆောင်ရွက်ပြီးစီးမှု၊ ယာယီမြေထိန်းနံရံဆောင်ရွက်ထားရှိမှုတို့နှင့် ရွှေဘုန်းပွင့်ဘုရား အတက်လမ်းဘေး ဝဲဘက်ရှိ မြေထိန်းနံရံ ဆောင်ရွက်နေဆဲနေရာတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မြို့သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ချုံ၊ နွယ်၊ မြက်များ ရှင်းလင်းခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက အပတ်စဉ် စနေနေ့တိုင်း စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ကျောက်ဆည်မြို့နယ်၌ သံခဲမြောင်းတွင် ပျက်စီးနေသော လိုင်နင်များ ပြန်လည်ပြုပြင်ပေး

ကျောက်ဆည် အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေပေးဝေရေးမြောင်းများကို ဘဏ္ဍာနှစ်အလိုက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေပြည့်ဝစွာ စနစ်တကျ ပေးဝေနိုင်ရေးနှင့် ရေလေလွင့်ဆုံးရှုံးမှု ကာကွယ်ရန်အတွက် သံခဲမြောင်းတွင် ပျက်စီးနေသော လိုင်နင်များကို ပြန်လည်ပြုပြင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လိုင်နင်များသည် နှစ်ကာလကြာမြင့်ပြီ ဖြစ်သောကြောင့် ချွတ်ယွင်းပျက်စီးနေပြီး စိုက်ပျိုးရေများ ပေးဝေရာတွင် ရေအလေအလွင့်များ ဖြစ်ပေါ်နေပြီး အုတ်လိုင်နင်အဟောင်းများ ထပ်မံမပျက်စီးစေရန်အတွက် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၈ သန်းဖြင့် မြောင်း၏ ဝဲ၊ ယာ ၂၇၅ ပေကို အပေါ်မှ သုံးလက်မထု ကွန်ကရစ် လောင်းခြင်းနှင့် ကွန်ကရစ် လိုင်နင်အသစ်များ ဆောင်ရွက်ပေးခဲ့သည်။

လိုင်နင်အသစ်များ ပြန်လည်ပြုပြင်ပေးခြင်းကြောင့် သံခဲမြောင်းသည် သန့်ရှင်းသပ်ရပ်မှုများဖြင့် ရေစီးရေလာကောင်းမွန်လာပြီး ရေသောက်ဧရိယာ သီးနှံမျိုးစုံ စိုက်ဧက ၂၄၅ ဧကကို ရေလေလွင့်ဆုံးရှုံးမှု နည်းပါးစွာဖြင့် မြောင်းအဆုံး၊ မြောင်းအဖျားအထိ ရေအခက်အခဲမရှိ ပေးဝေနိုင်ပြီဖြစ်သည်။ **သက်မောင်(ကျောက်ဆည်)**

မြစ်သားမြို့နယ်တွင် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုပစ္စည်းများ ထည့်သွင်းပေးအပ်

မြစ်သား အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ရာဂီမုန်တိုင်းကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသွားသော ထိခိုက်စပါးခင်းများကို ပြန်လည်ကုစားရန် သွင်းအားစုပစ္စည်းများ ထည့်သွင်းပေးအပ်ခြင်းနှင့် ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၁၈ ရက်က သီလင်ကျေးရွာအုပ်စု ကွင်းအမှတ်(၄၅၅) ဦးပိုင်အမှတ် (၄၆) တောင်သူ ဦးအောင်ကျော်စိုးစံ၏ စပါးကွင်း၌ ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော စပါးစိုက်ခင်းများကို ပြန်လည်ကုစားသည့်အနေဖြင့် စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းဆေးများ ထောက်ပံ့ပေးအပ်ခြင်းနှင့် တောင်သူများ၏ ထိခိုက်ပျက်စီးသွားသော လယ်မြေများတွင် အထွက်နှုန်းများမကျစေရေးနှင့် သီးနှံအရည်အသွေးများ ကောင်းမွန်စေရန်အတွက် လက်တွေ့ကွင်းဆင်းဆောင်ရွက်ပြသခြင်း တောင်သူများအချင်းချင်း တစ်ဦးနှင့်တစ်ဦး လက်ဆင့်ကမ်းအသိပညာဗဟုသုတများ မျှဝေပေးနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများ ပြန်လည်ကုစားရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းဆေးများကို တောင်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကန့်ဘလူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၀၁၁၄၉ ဧက လျာထားစိုက်ပျိုးမည်

ကန့်ဘလူ အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ရာသီတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ မုန်ညင်း၊ နေကြာနှင့် ပန်းနှမ်း စသည့် သီးနှံမျိုးစုံ ၂၀၁၁၄၉ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆီထွက်သီးနှံမျိုးစုံ အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ သုံးစွဲရေးနှင့် စိုက်စနစ်မှန်ကန်ရေး၊ ဒေသထွက် မြေဩဇာအချိုးကျသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆီထွက်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး၊ ဆီထွက်သီးနှံများ အရည်အသွေးကောင်းရရှိရေး၊ နောက်ဆုံးပေါ်နည်းပညာများ ရယူသုံးစွဲနိုင်ရေးနှင့် ဈေးကွက်ဝင် ဆီထွက်သီးနှံများကို စိုက်ပျိုးကြဖို့ကိုလည်း စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကန့်ဘလူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများ လျာထားစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၉၅၂၆၈ ဧက၊ နှမ်း ၉၆၇၁၆ ဧက၊ မုန်ညင်း ၅၆၃ ဧက၊ နေကြာ ၃၀၄၄ ဧကနှင့် ပန်းနှမ်း ၅၅၅၈ ဧက စုစုပေါင်း ၂၀၁၁၄၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

တိုးတက်လာသော နည်းပညာနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍ

မိုး(အလရ)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံ၊ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ထွက်ခွာပျံသန်းဖို့အတွက် လေယာဉ်ပြေးလမ်းကြောင်းပေါ်မှာ တရွေ့ရွေ့လိမ့်နေတဲ့ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းမှ လေယာဉ်ပေါ်မှာ လေယာဉ်မယ်တွေက ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အချက်အလက်တွေ၊ အရေးပေါ်အခြေအနေကြုံတွေ့လာပါက လိုက်နာဆောင်ရွက်ရမယ့် သတင်းအချက်အလက်တွေကို သရုပ်ဖော် ရှင်းလင်းပြသနေပါတယ်။

ဒီလိုသရုပ်ဖော်ပြသနေမှုကို ကြည့်ရှုနေရင်း ဘယ်လိုဆောင်ရွက်မှုမှာဖြစ်ဖြစ် ဘေးအန္တရာယ်ကို ကြိုတင်ဆန်းစစ်လေ့လာပြီး ကာကွယ်ရေးလုပ်ငန်းစဉ်တွေ ချမှတ်ခြင်း၊ အရေးပေါ်အခြေအနေမှာ တုံ့ပြန်ဆောင်ရွက်မယ့် အစီအစဉ်တွေ ရေးဆွဲချမှတ်ထားခြင်းဖြင့် လူသားတွေရဲ့ အသက်နဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတို့ ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်ခြင်းကို လျော့နည်းပပျောက်စေနိုင်တာဖြစ်လို့ အများပြည်သူများအနေနဲ့ သတိပြုလိုက်နာဆောင်ရွက်ဖို့ အလွန်အရေးကြီးပါတယ်။

ကျွန်တော့်အနေနဲ့ ဒီလေယာဉ်ပေါ်မှာ ရောက်ရှိနေရတဲ့ အကြောင်းရင်းကတော့ စင်ကာပူနိုင်ငံမှာကျင်းပမယ့် ညီလာခံတစ်ခုနဲ့ ဆက်စပ်အခမ်းအနားတွေကို ဌာနဆိုင်ရာ ကိုယ်စားလှယ်အဖြစ် တက်ရောက်ဖို့အတွက် ဖြစ်ပါတယ်။ အဲဒီညီလာခံမှာတော့ တိုးတက်ပြောင်းလဲနေတဲ့ နည်းပညာတွေကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကဏ္ဍအပေါ် သက်ရောက်လာတဲ့ ပြောင်းလဲမှုဖြစ်စဉ်တွေကို ပညာရှင်တွေ၊ လုပ်ငန်းရှင်တွေက ဆွေးနွေးဖလှယ်ကြမှာလို့ သိရှိရပါတယ်။ ဒ့ါအပြင် အာဆီယံဒေသတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်တွေကို စိတ်ဝင်တစားနဲ့ အလေးထား အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ လုပ်ငန်းရှင်တွေကို အသိအမှတ်ပြုသောအားဖြင့် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကွန်ရက် (ASEAN Occupational Safety and Health Network, ASEAN-OSHNET) က နှစ်နှစ် တစ်ကြိမ် ချီးမြှင့်တဲ့ဆုတွေကို မြန်မာနိုင်ငံက ဆုရရှိတဲ့ ကုမ္ပဏီတွေက ကိုယ်စားလှယ်တွေနဲ့အတူ ဂုဏ်ယူစွာ တက်ရောက်ခွင့်ရတဲ့ အခွင့်အရေးလည်းဖြစ်ပါတယ်။

အတွေ့အကြုံတွေ၊ အလေ့အကျင့်ကောင်းတွေကို နိုင်ငံတွေအကြား ဆွေးနွေးဖလှယ်

ASEAN-OSHNET ကို အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးအတွက် ၂၀၀၀ ပြည့်နှစ်မှာ ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေက အက္ခရာစဉ်အလိုက် အိမ်ရှင်အဖြစ်နဲ့ ညှိနှိုင်းအစည်းအဝေး၊ ညီလာခံတွေကို နှစ်စဉ်ကျင်းပပြီး တိုးတက်ပြောင်းလဲနေတဲ့ လုပ်ငန်းတွေ၊ အလုပ်အကိုင်တွေနဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ အခင်းအကျင်းအသစ်တွေနဲ့ ပတ်သက်ပြီး အတွေ့အကြုံတွေ၊ အလေ့အကျင့်ကောင်းတွေကို နိုင်ငံတွေအကြား ဆွေးနွေးဖလှယ်ကြတာပဲ ဖြစ်ပါတယ်။ အလုပ်သမားတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ လုပ်ငန်းခွင်ဖြစ်စေဖို့ ဦးစားပေးဆောင်ရွက်ပေးနေတဲ့ အလုပ်ရှင်တွေကို ဂုဏ်ပြုတဲ့အနေနဲ့ ၂၀၁၆ ခုနှစ်ကစပြီး နှစ်နှစ် တစ်ကြိမ် ဆုတွေ ချီးမြှင့်ပေးလျက်ရှိရာမှာ ယခုနှစ်ဆိုရင် (၅) ကြိမ်မြောက် ဆုချီးမြှင့်ပွဲကို ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။

ဒီနှစ်မှာ ကျရောက်တဲ့ (၁၁) ကြိမ်မြောက် ASEAN-OSHNET ညီလာခံနဲ့ (၅) ကြိမ်မြောက် ASEAN-OSHNET ဆုချီးမြှင့်ပွဲအခမ်းအနားကို စင်ကာပူနိုင်ငံ Marina Bay Sands Convention Center မှာ ကျင်းပပြုလုပ်မှာဖြစ်ပြီး စင်ကာပူနိုင်ငံ လူ့စွမ်းအားရင်းမြစ်ဝန်ကြီးဌာနရဲ့ ဖိတ်ကြားချက်အရ ASEAN-OSHNET ရဲ့ လုပ်ငန်းစဉ်တွေကို အဓိကတာဝန်ယူဆောင်ရွက်နေတဲ့ အလုပ်ရုံနဲ့ အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ကိုယ်စားလှယ် သုံးဦးနဲ့ ASEAN-OSHNET Excellence Award ရရှိတဲ့ Dagon Beverages Company Limited မှ ကိုယ်စားလှယ် သုံးဦး၊ ASEAN-OSHNET Best Practices Award ရရှိတဲ့ Myanmar C.P Livestock Co.,Ltd. မှ ကိုယ်စားလှယ် နှစ်ဦး တက်ရောက်ကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ဟာ ဒေသစံတော်ချိန် ၁၂:၅၀ နာရီမှာ စင်ကာပူနိုင်ငံကို ရောက်ရှိခဲ့ပါတယ်။

ASEAN-OSHNET ဆုရရှိတဲ့ ကုမ္ပဏီတွေအတွက် ဆုချီးမြှင့်ခြင်းနဲ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ၁၁-၉-၂၀၂၄ ရက်နေ့ ညပိုင်းမှာ စင်ကာပူနိုင်ငံ၊ Marina Bay Sands Convention Center ရဲ့ (၄) လွှာရှိ Roselle ခန်းမမှာ ကျင်းပပြုလုပ်ပါတယ်။ ASEAN-OSHNET ဆုရရှိတဲ့ကုမ္ပဏီတွေက ကိုယ်စားလှယ်တွေအနေနဲ့ နံနက်ပိုင်းမှာတော့ (၁၁) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးကွန်ရက်ညီလာခံနဲ့ ပူးတွဲကျင်းပတဲ့ Singapore WSH Conference (2024) ကို တက်ရောက်လေ့လာခွင့်ရရှိခဲ့ပါတယ်။ အဲ့ဒီညီလာခံကို ASEAN-OSHNET အဖွဲ့ဝင်နိုင်ငံတွေ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ASEAN-OSHNET အတွင်းရေးမှူးချုပ်ရုံး၊ ASEAN-OSHNET ဆုရရှိတဲ့ ကုမ္ပဏီတွေ၊ ကိုယ်စားလှယ်တွေ၊ စင်ကာပူနိုင်ငံက လုပ်ငန်းရှင်တွေ၊ တက္ကသိုလ်တွေက ပါမောက္ခတွေ၊ ဆရာတွေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆောင်ရွက်နေသူတွေ၊ ကျွမ်းကျင်ပညာရှင်တွေ တက်ရောက်ကြပြီး စုစုပေါင်း ၁၆၀၀ လောက် ရှိပါတယ်။

စင်ကာပူနိုင်ငံအနေနဲ့ WSH Conference ကို နှစ်နှစ်တစ်ကြိမ် ကျင်းပပြုလုပ်လာခဲ့ပြီး ခေတ်ကာလအခြေအနေ၊ တိုးတက်ပြောင်းလဲလာမှုအခြေအနေအပေါ်မူတည်ပြီး နှစ်အလိုက် ဆွေးနွေးမယ့် အကြောင်းအရာခေါင်းစဉ်တွေကို သတ်မှတ်ဆွေးနွေးကြတာကို လေ့လာတွေ့ရှိရပါတယ်။ ညီလာခံကို တက်ရောက်သူအနေနဲ့ တစ်ဦးကို စင်ကာပူဒေါ်လာ ၈၈၀ ပေးသွင်းရတာပဲ ဖြစ်ပါတယ်။ ASEAN-OSHNET ဆုရရှိတဲ့ ကုမ္ပဏီတွေက ကိုယ်စားလှယ်တွေကိုတော့ စင်ကာပူနိုင်ငံ လူ့စွမ်းအားရင်းမြစ်ဝန်ကြီးဌာနက ကျခံပေးတာပဲ ဖြစ်ပါတယ်။

> ❍ **ဥရောပကုမ္ပဏီတွေအနေနဲ့ သူတို့နဲ့ ချိတ်ဆက်ဆောင်ရွက်တဲ့ ကုမ္ပဏီတွေက လုပ်ငန်းခွင်ရှိ အလုပ်သမားတွေ အားလုံးအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနဲ့ သက်သာချောင်ချိရေးအပါအဝင် အလုပ်သမားရေးရာ အခြေခံရပိုင်ခွင့်တွေကို ကောင်းမွန်စွာဆောင်ရွက်ထားမှု ရှိ၊ မရှိတို့အပေါ်စိစစ်ပြီးမှ ကုန်အမှာစာပေးပို့ခြင်း၊ လုပ်ငန်းပူးပေါင်းခြင်းတွေကို ဆောင်ရွက်သွားမှာဖြစ်**
>
> ❍ **အာဆီယံဒေသတွင်း လုပ်ငန်းရှင်တွေအနေနဲ့ သင့်တော်ကောင်းမွန်ပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ လုပ်ငန်းခွင်ဖြစ်စေရေး၊ အလုပ်သမားရေးရာရပိုင်ခွင့်တွေကို မှန်မှန်နဲ့ပြည့်ပြည့်ဝဝ ရရှိစေရေးအတွက် အထူးအလေးထား ဆောင်ရွက်သွားဖို့လိုအပ်**

ယခုနှစ်ညီလာခံရဲ့ Theme ကိုတော့ Charting WSH Excellence၊ Shaping the Future of Business လို့ သတ်မှတ်ထားပြီး နည်းပညာတိုးတက်လာမှု အခြေအနေ၊ ဖြစ်ပေါ်လာတဲ့ လုပ်ငန်းကဏ္ဍအသစ်တွေမှာ ကြုံတွေ့လာမယ့် ဘေးအန္တရာယ်အသစ်တွေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေး အဆင့်မြင့်နည်းပညာအသုံးပြုဆောင်ရွက်နေမှု အခြေအနေတွေနဲ့ပတ်သက်ပြီး ဆွေးနွေးမျှဝေကြတာပဲ ဖြစ်ပါတယ်။ ဒီညီလာခံမှာ ဆွေးနွေးချက်တွေအရ တစ်နေ့ထက်တစ်နေ့ နည်းပညာတိုးတက်လာမှုတွေဟာ အံ့မခန်းဖြစ်ပြီး အလုပ်သမားတွေရဲ့ အသက်၊ ခန္ဓာတွေကို ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့ အဲဒီနည်းပညာတွေကို လုပ်ငန်းခွင်တွေမှာ အကျိုးရှိရှိအသုံးချနေတာကိုလည်း တွေ့ရှိရပါတယ်။

ကျွမ်းကျင်ပညာရှင်တွေ၊ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိသူတွေပါဝင်ကြပြီး စကားဝိုင်းဆွေးနွေး

ညီလာခံမှာ Milken Institute School of Public Health George Washington University၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ Environmental Protection ၊ Health Management and Safety ဌာန၊ German Helpdesk on Business and Human Rights စတဲ့ အဖွဲ့အစည်းတွေက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေ၊ စင်ကာပူအခြေစိုက် ကုမ္ပဏီတွေရဲ့ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိသူတွေ ပါဝင်ကြပြီး စကားဝိုင်းဆွေးနွေးတဲ့ပုံစံနဲ့ ကျင်းပတာပဲ ဖြစ်ပါတယ်။

ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာ ဖြစ်လာတာနဲ့အမျှ ယနေ့ခေတ်အခါမှာကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုဟာ သီးသန့်ရပ်တည်လုပ်ကိုင်လို့ မဖြစ်နိုင်တော့ဘဲ ကုန်ပစ္စည်းတစ်ခုကို ကုန်ကြမ်းအဆင့်မှ သုံးစွဲသူတွေ လက်ဝယ်ရောက်ရှိတဲ့အထိ တစ်ကမ္ဘာလုံးရှိ ကုမ္ပဏီတွေဟာ ကဏ္ဍအလိုက် ချိတ်ဆက်ဆောင်ရွက်လာရပြီ ဖြစ်ပါတယ်။ ဒီလိုဖြစ်စဉ်ကို Global Supply Chains လို့ သတ်မှတ်ခေါ်ဝေါ်ကြပါတယ်။

Global Supply Chains ဖြစ်ပေါ်လာခြင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့က ၁၉၈၈ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ လုပ်ငန်းခွင်အတွင်း အခြေခံရပိုင်ခွင့်နဲ့ စည်းမျဉ်းတွေမှာ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ လုပ်ငန်းခွင်ပတ်ဝန်းကျင်ဖြစ်စေရေးဆိုတဲ့ အချက်ကို ၂၀၂၂ ခုနှစ်မှာ ထပ်မံဖြည့်စွက်ခဲ့ခြင်း၊ ဂျာမနီနိုင်ငံအပါအဝင် ဥရောပနိုင်ငံတွေမှာ Supply Chain Due Diligence Act တို့ကို ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေအရ ဥရောပကုမ္ပဏီတွေအနေနဲ့ သူတို့နဲ့ ချိတ်ဆက်ဆောင်ရွက်တဲ့ ကုမ္ပဏီတွေက လုပ်ငန်းခွင်ရှိ အလုပ်သမားတွေအားလုံးအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနဲ့ သက်သာချောင်ချိရေးအပါအဝင် အလုပ်သမားရေးရာ အခြေခံရပိုင်ခွင့်တွေကို ကောင်းမွန်စွာဆောင်ရွက်ထားမှု ရှိ၊ မရှိတို့အပေါ် စိစစ်ပြီးမှ ကုန်အမှာစာပေးပို့ခြင်း၊ လုပ်ငန်းပူးပေါင်းခြင်းတွေကို ဆောင်ရွက်သွားမှာဖြစ်တယ်လို့ ဆွေးနွေးသွားပါတယ်။ ဒါကြောင့် အာဆီယံဒေသတွင်း လုပ်ငန်းရှင်တွေအနေနဲ့ သင့်တော်ကောင်းမွန်ပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့လုပ်ငန်းခွင်ဖြစ်စေရေး၊ အလုပ်သမားရေးရာရပိုင်ခွင့်တွေကို မှန်မှန်နဲ့ ပြည့်ပြည့်ဝဝရရှိစေရေးအတွက် အထူးအလေးထား ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။

ဒ့ါအပြင် စင်ကာပူနိုင်ငံရဲ့ အကြီးဆုံး အများသုံးသယ်ယူပို့ဆောင်ရေး လုပ်ငန်းတစ်ခုဖြစ်တဲ့ SBS Transit Ltd၊ တစ်ကမ္ဘာလုံးမှာ မြို့ပေါင်း ၅၀ မှာ ရုံးတွေဖွင့်လှစ်ထားပြီး အလုပ်သမား ၁၆ သိန်းကျော်နဲ့ ဆောက်လုပ်ရေးလုပ်ငန်းနဲ့ ပစ္စည်းတွေထုတ်လုပ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ဆေးရုံ၊ Shopping Malls ၊ ကုန်သွယ်မှု၊ အပန်းဖြေဥယျာဉ်တွေ၊ နည်းပညာဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေတဲ့ Sunway Berhad (Building Material Group)၊ စင်ကာပူနိုင်ငံမှာ စားသောက်ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး ၁၉၇၃ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်စွာ ရပ်တည်နေတဲ့ Fair Price Group၊ ပစ္စည်းသိုလှောင်ရုံတွေ၊ ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းတွေကို အဆင့်မြင့်နည်းပညာအသုံးပြုဆောင်ရွက်နေတဲ့ CWT Integrated Group စတဲ့ စင်ကာပူအခြေစိုက်ကုမ္ပဏီတွေရဲ့ စီမံခန့်ခွဲရေးပိုင်းဆိုင်ရာ တာဝန်ရှိသူတွေလည်း ပါဝင်ဆွေးနွေးကြပါတယ်။

သူတို့ဆွေးနွေးချက်တွေအရ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းစဉ်တွေမှာ ထိပ်ပိုင်းစီမံခန့်ခွဲရေးအဖွဲ့က စိတ်ဝင်တစားနဲ့ ပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်တဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တာကို ပညာရှင်တွေကသာမက လုပ်ငန်းရှင်တွေက အလေးအနက်ထား တင်ပြထားတာကို တွေ့ရပါတယ်။ အများပြည်သူပို့ဆောင်ရေးဆောင်ရွက်တဲ့ မော်တော်ယာဉ်တွေ ယာဉ်တိုက်မှုအန္တရာယ်ကနေကင်းရှင်းစေရေး ယာဉ်အန္တရာယ်သတိပြု အချက်ပြစနစ်တွေ တပ်ဆင်အသုံးပြုနေမှုအခြေအနေ ၊ ကုမ္ပဏီတွေက သူတို့ရဲ့ ကိုယ်ပိုင်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေး အစီအစဉ်တွေ ရေးဆွဲချမှတ်ဆောင်ရွက်နေမှုကြောင့် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုနဲ့ သေဆုံးမှုတို့

စာမျက်နှာ ၂၃ သို့

အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၉

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးအသိပညာပေး

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နှင့် တာလေမြို့တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၁၃ မြို့နယ်တို့၌လည်းကောင်း စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ကော့သောင်းမြို့ အခြေခံပညာ စာသင်ကျောင်း တစ်ကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

မိုင်းခတ်မြို့ ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

သန့်ရှင်းသာယာလှပရေးစုပေါင်းဆောင်ရွက်

ထိုသို့ စာသင်ကျောင်းများ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့အတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံဝင်း အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စာမျက်နှာ ၂၂ မှ

- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်တွေမှာ ထိပ်ပိုင်းစီမံခန့်ခွဲရေးအဖွဲ့က စိတ်ဝင်တစားနဲ့ ပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်တဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တာကို ပညာရှင်တွေကသာမက လုပ်ငန်းရှင်တွေက အလေးအနက်ထားတင်ပြထား
- နေ့စဉ်နဲ့အမျှ တိုးတက်ပြောင်းလဲနေတဲ့ အခြေအနေအရ ဖြစ်ပေါ်လာတဲ့အလုပ်အကိုင်အသစ်တွေကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်နဲ့ လုပ်ငန်းခွင်ဆိုင်ရာရောဂါတွေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ရာမှာ AI အပါအဝင် အဆင့်မြင့်နည်းပညာ အသုံးပြုဆောင်ရွက်လာမှုတွေကြောင့် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုတွေ မဖြစ်ပေါ်စေဖို့ အချိန်မီတားဆီးကာကွယ်လာနိုင်

လျော့နည်းပပျောက်လာခြင်းတို့ ဖြစ်ပေါ်လာပါတယ်။ ဒါ့အပြင် Logistics ပစ္စည်းတွေ သိုလှောင်ရုံတွေမှာ အဆင့်မြင့်ကရိန်း၊ forklifts တွေ အသုံးပြုသယ်မခြင်းနဲ့ လက်ကျန်ပစ္စည်းစာရင်းတွေ စိစစ်ရာမှာ Drone တွေကို အသုံးပြုလုပ်ကိုင်ခြင်းကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ် လျော့နည်းလာခြင်း၊ လုပ်ငန်းခွင်မှာ ဘေးမကင်းတဲ့ အပြုအမူတွေ၊ အခြေအနေတွေကို အကဲဖြတ်နိုင်ခြင်းနဲ့ သတိပေးအချက်ပြတဲ့စနစ်တွေပါတဲ့ CCTV တွေ အသုံးပြုလာနိုင်ပြီဖြစ်ခြင်း စတဲ့ ဗဟုသုတများစွာ လေ့လာသိရှိခဲ့ရပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ အစီအစဉ်တွေကို လေ့လာသိရှိခွင့်ရရှိ

ညီလာခံမှာ နယ်ပယ်အသီးသီးက ကျွမ်းကျင်ပညာရှင်တွေက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ တိုးတက်ဖြစ်ပေါ်နေမှု အခြေအနေတွေကို မျှဝေပေးတဲ့အတွက် ASEAN-OSHNET ဆုရရှိတဲ့ ကုမ္ပဏီတွေက ကိုယ်စားလှယ်တွေအနေနဲ့ အာဆီယံဒေသတွင်းသာမက နိုင်ငံတကာမှာ ပေါ်ပေါက်နေတဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်အသစ်တွေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး AI အပါအဝင် အဆင့်မြင့်နည်းပညာ အသုံးပြုဆောင်ရွက်နေမှုအခြေအနေတွေ၊ ကုမ္ပဏီတွေအနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ အစီအစဉ်တွေကို လေ့လာသိရှိခွင့် ရရှိခဲ့တာပဲဖြစ်ပါတယ်။

အဆိုပါနေ့ ညနေပိုင်းမှာတော့ (၅) ကြိမ်မြောက် ASEAN-OSHNET ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ပါတယ်။ အခမ်းအနားမစတင်မီ ဆုရရှိတဲ့ အာဆီယံဒေသတွင်းမှ လုပ်ငန်းရှင်တွေအချင်းချင်း ရင်းနှီးမှုရရှိစေရန်နဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့ ကွန်ရက်တစ်ခုဖြစ်စေရေး အချင်းချင်းမိတ်ဆက်စေပြီး ဆုချီးမြှင့်ခြင်းနဲ့ ဂုဏ်ပြုညစာစားပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အခမ်းအနားမှာ ASEAN Secretary-General နဲ့ စင်ကာပူနိုင်ငံ လူ့စွမ်းအားရင်းမြစ်ဝန်ကြီးဌာန၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဌာန Divisional Director တို့က ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ပါတယ်။ ယခုနှစ် ASEAN-OSHNET Excellence Award ရရှိတဲ့ ကုမ္ပဏီ ကိုးခုနဲ့ ASEAN-OSHNET Best Practices Award ရရှိတဲ့ ကုမ္ပဏီ ခုနစ်ခုရှိပြီး မြန်မာနိုင်ငံအနေနဲ့တော့ ASEAN-OSHNET Excellence Award ကို Dagon Beverage Company Limited နဲ့ ASEAN-OSHNET Best Practices Award ကို Myanmar C.P Livestock Co.,Ltd. တို့က ရရှိခဲ့တာပဲ ဖြစ်ပါတယ်။

မြန်မာတို့ရဲ့ အာဆီယံဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ပုံရိပ်တွေကို မြင်တွေ့ရတာဖြစ်လို့ ဝမ်းမြောက်ဂုဏ်ယူမိ

မြန်မာနိုင်ငံကိုယ်စားပြု ဆုရရှိခဲ့တဲ့ ကုမ္ပဏီတွေကိုတော့ စင်ကာပူနိုင်ငံ လူ့စွမ်းအားရင်းမြစ်ဝန်ကြီးဌာန၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဌာနမှ Divisional Director နဲ့ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနဲ့ အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဆုချီးမြှင့်ပေးခဲ့တာဖြစ်ပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးအခန်းကဏ္ဍမှာ မြန်မာတို့ရဲ့ အာဆီယံဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ပုံရိပ်တွေကို မြင်တွေ့ရတာဖြစ်လို့ အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

အာဆီယံနိုင်ငံအချို့ကတော့ ဆုအမျိုးအစား နှစ်မျိုးလုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိပေမယ့် မြန်မာနိုင်ငံအနေနဲ့တော့ ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ လူ့စွမ်းအားရင်းမြစ်နည်းပါးမှု၊ လုပ်ငန်းတာဝန်များပြားမှုကြားကနေ ASEAN-OSHNET က ချီးမြှင့်တဲ့ ဆုအမျိုးအစားနှစ်မျိုးလုံးကို လုပ်ငန်းရှင်တွေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့လို့ ကျေနပ်မိပါတယ်။

ဒီနှစ် ဆုချီးမြှင့်ပွဲအခမ်းအနားနဲ့အတူ Singapore WSH Conferences ကို တက်ရောက်ခွင့်ရတဲ့အတွက် နေ့စဉ်နဲ့အမျှ တိုးတက်ပြောင်းလဲနေတဲ့ အခြေအနေအရဖြစ်ပေါ်လာတဲ့ အလုပ်အကိုင်အသစ်တွေကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်နဲ့ လုပ်ငန်းခွင်ဆိုင်ရာရောဂါတွေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ရာမှာ AI အပါအဝင် အဆင့်မြင့်နည်းပညာ အသုံးပြုဆောင်ရွက်လာမှုတွေကြောင့် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုတွေ မဖြစ်ပေါ်စေဖို့ အချိန်မီတားဆီးကာကွယ်လာနိုင်တာဖြစ်လို့ အလုပ်သမားတွေရဲ့ အသက်နဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်း ထိခိုက်ဆုံးရှုံးရမှုလျော့နည်းပပျောက်စေဖို့ လုပ်ငန်းဆောင်ရွက်မှုတွေ၊ ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်တွေမှာ နည်းပညာတွေကို မျက်ခြည်မပြတ်လေ့လာပြီး အသုံးပြုဆောင်ရွက်သွားဖို့ လိုအပ်တယ်ဆိုတာ ရေးသားတင်ပြလိုက်ရပါတယ်။ ။

အောက်တိုဘာ ၂၀ ရက်နဲ့ ၂၁ ရက်မှာ ပရီမီယာလိဂ် ပွဲစဉ် (၈) မှ ပွဲစဉ်သုံးပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အသင်းကြီးအချင်းချင်းတွေ့ဆုံသည့် ပွဲစဉ် အပြင် တန်းဆင်းဇုန်မှ လွတ်မြောက်ရေး ခြေကုန်ထုတ်လာမယ့်ပွဲစဉ်တွေ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

ပရီမီယာလိဂ် ပွဲစဉ် (၈)	
၂၀-၁၀-၂၀၂၄	တနင်္ဂနွေနေ့
ဝုဖ် - မန်စီးတီး	ည ၇း၃၀
လီဗာပူး - ချယ်ဆီး	ည ၁၀း၀၀
၂၁-၁၀-၂၀၂၄	တနင်္လာနေ့
နော့တင်ဟမ်- ပဲလေ့စ်	နံနက် ၁း၃၀

ခံစစ်အားသာတဲ့ လီဗာပူးအသင်းကို အန်းဖီးလ်ကွင်းမှာ တိုက်စစ်အားသာတဲ့ ချယ်ဆီးအသင်း အနိုင်ယူသွားနိုင်မလား. . .

■ မိုးဇက် - စုစည်းသည်

ဝုဖ် VS မန်စီးတီး

ကွန်ဟာ
ဝုဖ် (တိုက်စစ်)
၇ ပွဲကစား၊ ၃ ဂိုးသွင်း

ဝုဖ်အသင်းက ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲဆက် ရှုံးပွဲကြုံတွေ့ထားမှုနဲ့ အတူ ပရီမီယာလိဂ်မှာလည်း နိုင်ပွဲရရှိထားခြင်း မရှိသေးဘူး။ ပြိုင်ဘက် မန်စီးတီးအသင်းက ဒီရာသီမှာ ပုံမှန်ခြေစွမ်းပြသထားနိုင်တာကြောင့် ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးဘူး။ ဒါ့အပြင် ဝုဖ်အသင်းက ဒီရာသီ ပရီမီယာလိဂ် ပွဲစဉ် (၇) အပြီးမှာ ပေးဂိုး ၂၁ ဂိုးအထိရှိတာကြောင့် ခံစစ်အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေတယ်။ မည်သို့ပင်ဆိုစေ အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်ခွင့်ရဖို့ ခြေကုန်ထုတ်လာမယ့် မန်စီးတီးကို ဝုဖ်အသင်း အမြင့်ဆုံး သရေသာရမယ်။

ဝုဖ်နဲ့ မန်စီးတီးအသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်			
မန်စီးတီး	၅ - ၁	ဝုဖ်	ပရီမီယာလိဂ်
ဝုဖ်	၂ - ၁	မန်စီးတီး	ပရီမီယာလိဂ်
မန်စီးတီး	၃ - ၀	ဝုဖ်	ပရီမီယာလိဂ်

ဟာလန်း
မန်စီးတီး (တိုက်စစ်)
၇ ပွဲကစား၊ ၁၀ ဂိုးသွင်း

လီဗာပူး VS ချယ်ဆီး



ဒီယပ်စ်
လီဗာပူး (တောင်ပံ)
၇ ပွဲကစား၊ ၅ ဂိုးသွင်း

အသင်းကြီး အချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ဖို့ ပြင်ဆင်လာမယ့် လီဗာပူးအသင်းက ပေးဂိုး နှစ်ဂိုးသာ ခွင့်ပြုပေးထားရတာကြောင့် ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတယ်။ ချယ်ဆီးကလည်း တိုက်စစ်ကစားသမား ပဲလ်မာခြေစွမ်းပြမှုနဲ့အတူ စက်တင်ဘာ ၁ ရက်နောက်ပိုင်း ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးဘူး။ ချယ်ဆီးအသင်း ခြေစွမ်းကောင်းပြသနိုင်ပေမယ့် နိုင်ပွဲကိုအိမ်ရှင် လီဗာပူးအသင်းကသာ ဖော်ဆောင်သွားနိုင်ဖွယ်ရှိတယ်။

လီဗာပူးနဲ့ ချယ်ဆီးအသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်			
ချယ်ဆီး	၀ - ၁	လီဗာပူး	အီးအက်ဖ်အယ်
လီဗာပူး	၄ - ၁	ချယ်ဆီး	ပရီမီယာလိဂ်
ချယ်ဆီး	၁ - ၁	လီဗာပူး	ပရီမီယာလိဂ်



ပဲလ်မာ
ချယ်ဆီး (တိုက်စစ်)
၇ ပွဲကစား၊ ၆ ဂိုးသွင်း

နော့တင်ဟမ် VS ပဲလေ့စ်

ခရစ္စဝုဒ်
နော့တင်ဟမ် (တိုက်စစ်)
၇ ပွဲကစား၊ ၄ ဂိုးသွင်း

ပဲလေ့စ်အသင်းက တန်းဆင်းဇုန်အတွင်းကျရောက်နေတဲ့ အသင်းဖြစ်ပြီး လိဂ်နိုင်ပွဲလည်း ရရှိထားခြင်းမရှိသေးဘူး။ နော့တင်ဟမ်က ပွဲစဉ် (၇) အပြီးမှာ အသင်းကြီး မန်ယူ၊ စပါးအသင်းတို့ အထက်မှာ ရပ်တည်ထားနိုင်တယ်တဲ့အထိ ခြေစွမ်းပြသထားနိုင်တယ်။ နော့တင်ဟမ်အသင်းက ခြေစွမ်းသာလွန်မှုရှိတယ်ဆိုပေမယ့် ပထမဆုံးလိဂ်နိုင်ပွဲရဖို့ ခြေကုန်ထုတ်လာမယ့် ပဲလေ့စ်အသင်းရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် အခက်တွေ့နိုင်တယ်။ ဒါကြောင့် နော့တင်ဟမ်အသင်းထက် ပဲလေ့စ်အသင်း နိုင်ပွဲရှာတွေ့သွားနိုင်တယ်။

နော့တင်ဟမ်နဲ့ ပဲလေ့စ်အသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်			
နော့တင်ဟမ်	၁ - ၁	ပဲလေ့စ်	ပရီမီယာလိဂ်
ပဲလေ့စ်	၀ - ၀	နော့တင်ဟမ်	ပရီမီယာလိဂ်
ပဲလေ့စ်	၁ - ၁	နော့တင်ဟမ်	ပရီမီယာလိဂ်

မာတီတာ
ပဲလေ့စ် (တိုက်စစ်)
၇ ပွဲကစား၊ ၂ ဂိုးသွင်း

နင်ဘို အိုးပင်း ဆီမီးဖိုင်နယ်သို့ ကာဆက်ကီနာ တက်လှမ်း

တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသော နင်ဘို အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ရုရှားတင်းနစ်မယ် ဒါရီယာ ကာဆက်ကီနာက ကာဇက်စတန်တင်းနစ်မယ် ယူလီယာ ပူတင်ဆီဗာကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်သို့ ထိုက်ထိုက်တန်တန်တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

ယင်းပွဲစဉ်တွင် ကာဆက်ကီနာသည် ပြိုင်ဘက်ကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရပြီး ၆-၄၊ ၁-၆၊ ၇-၆ (၈-၆) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ အသက် ၂၇ နှစ်အရွယ် ကာဆက်ကီနာသည် နင်ဘို အိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် စပိန်တင်းနစ်မယ် ပေါလာ ဘာဒိုဆာနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

ဘာဒိုဆာသည် ကွာတားဖိုင်နယ်တွင် နာမည်ကြီး ဘရာဇီးတင်းနစ်မယ် မာရီယာကို ၆-၃၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာသူ ဖြစ်သည်။

နင်ဘို အိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ကာဆက်ကီနာနှင့်အတူ ရုရှားတင်းနစ်မယ် အန်ဒရီဗာ၊ ချက်ဇ်တင်းနစ်မယ် မူချိုဗာတို့လည်း တက်လှမ်းနိုင်ခဲ့သည်။

တိုက်စစ်အဆုံးသတ်ပိုင်း လိုအပ်ချက်ကြောင့် လိုင်လီကို သရေကျခဲ့သည့် မိုနာကို

ပြင်သစ်လီဂူးဝမ်း ပွဲစဉ် (၈) မှ အမှတ်ပေးဇယားဦးဆောင်သူ မိုနာကိုနှင့် လိုင်လီအသင်းပွဲစဉ်ကို အောက်တိုဘာ ၁၉ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

ပုံမှန်ခြေစွမ်းပြသထားနိုင်သည့် မိုနာကိုအသင်းသည် ယခုပွဲစဉ်နိုင်ပွဲရရှိလျှင် အမှတ်ပေးဇယားကို ပြတ်သားသော ရလဒ်ဖြင့် ဆက်လက်ဦးဆောင်နိုင်မည်ဖြစ်သော်လည်း သရေကျခဲ့သည့်အတွက် အဆိုပါအခွင့်အရေး လက်လွတ်ဆုံးရှုံးခဲ့ရသည်။

ပွဲချိန် ၆၁ မိနစ်တွင် မိုနာကိုအသင်းမှ ခံစစ်ကစားသမား ဂျော်ဒန်တောဇီ အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် မိုနာကိုအသင်းက ဒုတိယ နေရာမှ ပီအက်စ်ဂျီအသင်းထက် တစ်ပွဲပိုကစားပြီး ရမှတ် ၂၀ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။

သီတဂူကမ္ဘောဇ ပညာရေးကျောင်းသို့ အလှူငွေများ စုပေါင်းပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၉

ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၉၄) မိသားစုများ၏ (၁၄) ကြိမ်မြောက် ကလောမြို့ အမှတ်(၂)ရပ်ကွက် သီတဂူကမ္ဘောဇပညာရေးကျောင်းရှိ သံဃာတော်များနှင့် သီလရှင်များအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သီတဂူကမ္ဘောဇပညာရေးကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ သီတဂူကမ္ဘောဇ ပညာရေးကျောင်းတိုက်ရှိ သံဃာ ၁၁ ပါး၊ ကိုရင်အပါး ၄၀၊ သီလရှင် ၅၆ ပါးအတွက် လှူဒါန်းမှုအဖြစ် လှူဒါန်းငွေစုစုပေါင်း ၁၂၁ သိန်း ၇ သောင်း ဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

မိုးနဲမြို့နယ် လွိုင်လင်း ခေတ်မီစံပြကျေးရွာ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

မိုးနဲ အောက်တိုဘာ ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွိုင်လင်း ခေတ်မီစံပြကျေးရွာရှိ ကျေးလက်နေပြည်သူများ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေး အသိပညာဗဟုသုတများရရှိစေရန်နှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အသိပညာပေးဟောပြောခြင်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအာကာဖြိုးက စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း အကျိုးကျေးဇူးများနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာသူ ကျေးရွာသားများက လမ်းဆုံများတွင် အမှိုက်ပုံးများ ထားရှိရန်၊ အမှိုက်ကင်းစင်ရေး ဗီနိုင်းများ စိုက်ထူထားနိုင်ရေးနှင့် လစဉ်/ အပတ်စဉ်အလိုက် အမှိုက်ကင်းစင်ရေး ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြရာ မြို့နယ်ဦးစီးမှူးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ အသိပညာပေးခြင်း အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြပြီး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဦးဆောင်ကော်မတီ ခုနစ်ဦးကိုလည်း အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ ၂၂၂

သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်တတိယ (နောက်ဆုံးရက်) ညပိုင်းတွင် လာရောက်ဆင်နွှဲကြသူလူငယ်များဖြင့် စည်ကား

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပသည့် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်တတိယ (နောက်ဆုံးရက်) အောက်တိုဘာ ၁၈ ရက် ညပိုင်းတွင် လာရောက်ဆင်နွှဲကြသော လူငယ်များဖြင့် စည်ကားခဲ့သည်။

ဈေးရောင်းပွဲနှင့် ဂီတပွဲတော် နောက်ဆုံးရက်ဖြစ်သည့်အတွက် နိုင်ငံကျော် တေးသံရှင်များက နံနက် ၉ နာရီမှစတင်၍ တေးသီချင်းများ၊ ဒီဂျေများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ လူငယ်လူရွယ်များက ကြည့်ရှုအားပေး၍ ပျော်ရွှင်စွာအတူ လိုက်ပါသီဆိုကခုန်ခြင်းများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ညပိုင်းတွင် တိရစ္ဆာန်အရုပ်မျိုးစုံ မီးပုံးပျံများ၊ သီတင်းကျွတ်မီးထွန်းပွဲတော် ရန်ကုန်တိုင်းဒေသကြီးစာတန်းပါမီးပုံးပျံအကြီးနှင့် မီးပုံးပျံအသေးတစ်ထောင်ကျော်တို့ကို လွှတ်တင်ကြရာ ပြည်သူများ ကိုယ်တိုင်ပါဝင်ဆင်နွှဲကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်သူ့ရင်ပြင်အတွင်းရှိ ရေပန်းအဝိုင်း၊ တိရစ္ဆာန်အကောင်မျိုးစုံတို့အား အလှမီးထွန်းထားသည့် နေရာများ၊ ဖိုးဝရုပ်၊ ဆင်သားအမိအပါအဝင် ရောင်စုံမီးထွန်းညှိထားသည့် နေရာများတွင် မိသားစုများ၊ တစ်ဦးချင်းနှင့် လူငယ်စုံတွဲများက အမှတ်တရဓာတ်ပုံများရိုက်၍ စတုဒိသာများ စားသောက်နေမှုများကို တွေ့မြင်ကြရသည်။

ထိုကဲ့သို့ ပြည်သူများဖြင့် အထူး စည်ကားလျက်ရှိနေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို နံနက် ၇ နာရီမှ ည ၇ နာရီအထိ လည်းကောင်း၊ စတိတ်ရှိုး တေးဂီတနှင့် ဒီဂျေတင်ဆက်မှုများကို နံနက် ၁၀ နာရီမှ ည ၉ နာရီအထိလည်းကောင်း ကျင်းပခဲ့ကြောင်းနှင့် ညပိုင်း မီးပုံးပျံများ လွှတ်တင်ခြင်းကို ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်းနှင့် ပွဲတော်သို့လာရောက်ကြသူများအတွက် အကြိုအပို့ယာဉ်များကို သက်ဆိုင်ရာမြို့နယ်အလိုက် စီစဉ်ပေးကြောင်း သိရသည်။

ဆန်းကျော်ဦး (ပြန်/ဆက်)

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၉

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီး၌လည်း ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာ သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကျင်းပ

မကွေး အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက မြသလွန်စေတီတော်ရင်ပြင်၌ ကျင်းပသည်။

မြသလွန်စေတီတော်မြတ်ကြီး၏ ဘုရားပွဲတော်ကာလအတွင်း သီတင်းကျွတ် လပြည့်နေ့တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်းကို ကျင်းပဆောင်ရွက်ခဲ့ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မကွေးမြို့ပေါ်ရှိ စာသင်တိုက်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများမှ ပင့်သံဃာဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီး၊ ဆရာလေး ၁၂၁ ပါးတို့အား ဆွမ်းဆန်တော်၊ ဆီ၊ ဆေးဝါးများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံတို့ကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ မကွေးတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆွမ်းဆန်စိမ်း ဆက်ကပ်လောင်းလှူပူဇော်ကြသည်။

မကွေးမြို့၌ မြသလွန်စေတီတော်မြတ်ကြီး ဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လဆန်းပိုင်းမှ သီတင်းကျွတ်လပြည့်ကျော်အထိ ဒေသစုံမှ လာရောက်သည့် ဈေးရောင်း၊ ဈေးဝယ်များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ၂၀၁၉ ခုနှစ်အထိ အစဉ်အလာမပျက် ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားရာမှ ယခင်နှစ် (၂၅၈၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် မြသလွန်ဘုရားပွဲတော်ကို ပြန်လည်ကျင်းပခဲ့ပြီး ယခုနှစ် မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ယခင်နှစ်များနည်းတူ သံဃာတော်များပင့်ဖိတ်၍ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အသံမစဲ မဟာပဋ္ဌာန်းကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်းနှင့် ဆွမ်းဆန်တော် လောင်းလှူပူဇော်ပွဲများ ကျင်းပလျက်ရှိကြောင်းနှင့် မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အစဉ်အလာမပျက် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

မောင်ညီညာ

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် ဆွမ်းဆန်စိမ်း ဆက်ကပ်လောင်းလှူစဉ်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဇွဲကပင်တောင်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဓမ္မကထိကဗဟုဇနဟိတဓရ သီရိပျံချီဘဒ္ဒန္တကဝိဓဇ၏ ဝိဇာတမွေးနေ့မင်္ဂလာအခမ်းအနားကျင်းပ

ဘားအံ အောက်တိုဘာ ၁၉

ပြည်နယ်ဩဝါဒါစရိယ ဇွဲကပင်တောင်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မကထိက ဗဟုဇနဟိတဓရ သီရိပျံချီဘဒ္ဒန္တကဝိဓဇ၏ သက်တော် (၈၆)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာ သာသနဇောတိကအုဋ္ဌ်ကျောင်း (ရာပြည့်)အထိမ်းအမှတ်နှင့် ကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ မဲဘောင်ကျောင်းတိုက် သာသန ဇောတိကအုဋ္ဌ်ကျောင်း၌ ဆင်ယင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ဖူးမြော်ကြည်ညို၍ ကထိန်လျာဥတ်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်ရွာမကျောင်းဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တသုစိတ္တ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာသာမိ(တောမီရဟန်း)တို့အမှူးပြုသော ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က ဇွဲကပင်တောင်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မကထိက ဗဟုဇနဟိတဓရ သီရိပျံချီ ဘဒ္ဒန္တကဝိဓဇထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များက ဇွဲကပင်တောင်ဆရာတော်ကြီးအား မွေးနေ့အလှူ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ကထိန်လျာဥတ်သင်္ကန်းနှင့် ကြွရောက်ချီးမြှင့်တော်မူကြသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မုတ္တမမြို့ မြနန်းကျောင်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မက ဇွဲကပင်တောင်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ပြီး တေးသံရှင် မဝင်းလဲ့ချယ်ရီက ရတုပိုဒ်စုံ၊ ရှစ်ဆယ်ပေါ်တေးထပ်တို့ဖြင့် သီဆိုပူဇော်သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ရွာမကျောင်းဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသမထေရ်မြတ်က သမ္မောဒနီယကထာကို မြွက်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့သည် အင်းစိန်ရွာမကျောင်းဆရာတော်ထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့က ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding–MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding–SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) ကို ၂၀၂၀ ပြည့်နှစ်တွင်ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့် လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၁၉ ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ ၃ ဒသမ ၃၀ ပေ ကန်ရေပြည့်အမှတ်အထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ ၀ ဒသမ ၀၂ ပေ တိုးလာခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး ၁၄ ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

သတင်းစဉ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၁၉.၁၀.၂၀၁၉

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၆ : ၀၀) နာရီ

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

စဉ်	ရေလှောင်တမံအမည်	ကန်ရေပြည့်		ကန်ရေသေ		(၁၉.၁၀.၂၀၁၉)နေ့ရှိ			ယနေ့ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ)	ကန်ရေပြည့်ရန် လိုအပ်သည့်		ကန်ရေပြည့်ပြီး		မိုးရေချိန် (လက်မ)	ယခင်နေ့ ရေမှတ်
		ရေမှတ် (ပေ)	သိုလှောင်ရေ ပမာဏ (ဧကပေ)	ရေမှတ် (ပေ)	သိုလှောင်ရေ ပမာဏ (ဧကပေ)	ဝင်ရေ (ဧကပေ)	ရေမှတ် (ပေ)	သိုလှောင် ပမာဏ (ဧကပေ)		ရေအနက် (ပေ)	သိုလှောင် ပမာဏ (ဧကပေ)	အမြင့် (ပေ)	ပိုလျှံရေ ပမာဏ (ဧကပေ)		
၁	ပေါင်းလောင်းတမံ	၆၂၃.၃၉	၅၄၉၄၂၀	၅၄၁.၃၆	၂၇၃၆၆၀	၁၈၇၃၆	၆၂၆.၆၉	၅၆၃၅၈၇	၁၃၅၅၁ (လျှပ်စစ်ထုတ်ရေ)	-	-	၃.၃၀	၄၉၉၄	-	၆၂၆.၆၇
၂	မဒန်းတမံ	၆၃၅.၀၀	၃၆၅၀၀	၅၉၀.၀၀	၅၂၀၀	၃၇၇	၆၂၆.၇၀	၂၇၈၉၇	-	၈.၃၀	၈၆၀၃	-	-	-	၆၂၆.၃၀
၃	ချောင်းမငယ်တမံ	၅၂၀.၀၀	၉၁၇၇၀	၄၈၀.၀၀	၁၅၃၀၀	၁၇၄	၅၁၈.၇၅	၈၈၃၅၈	၂၇၁	၁.၂၅	၃၄၁၂	-	-	-	၅၁၈.၈၀
၄	ဖောင်းလောင်တမံ	၅၁၂.၀၀	၁၂၂၅၇	၄၉၀.၅၀	၂၅၄၀	-	၅၀၉.၁၀	၁၀၂၄၅	၇	၂.၉၀	၂၀၁၂	-	-	-	၅၀၉.၁၅
၅	ရေဆင်းတမံ	၄၃၉.၀၀	၇၃၀၀၀	၃၆၈.၄၀	၁၀၄၀	၁၆၈	၄၃၇.၈၅	၆၉၅၅၀	၂၈၆	၁.၁၅	၃၄၅၀	-	-	-	၄၃၇.၉၀
၆	ငလိုက်တမံ	၅၃၅.၀၀	၇၅၀၀၀	၅၀၆.၀၀	၁၂၉၅၀	၂၇	၅၃၄.၅၄	၇၃၁၅၁	၃၂၀	၀.၄၆	၁၈၄၉	-	-	-	၅၃၄.၆၂
၇	သဲဖြူတမံ	၄၁၈.၀၀	၈၇၁၈	၃၉၀.၀၀	၆၈၇	၁	၄၁၅.၉၆	၇၅၆၆	၁၁	၂.၀၄	၁၁၅၂	-	-	-	၄၁၆.၀၀
၈	ဆင်သေတမံ	၇၁၀.၀၀	၁၄၃၀၉၀	၆၇၄.၀၀	၁၇၃၀၃	၄၈	၇၀၃.၄၉	၁၀၇၃၇၀	၉၅	၆.၅၁	၃၅၇၂၀	-	-	-	၇၀၃.၅၁
၉	ကင်းသာရေထိန်းတမံ	၅၅၈.၅၀	၇၂	၅၄၅.၀၀	၈					ရေတိုက်စား				-	
၁၀	မုန်ရေထိန်းတမံ	၆၀၂.၀၀	၅၀၀	၅၉၂.၀၀	၂၂၅	၁၀၄	၆၀၁.၈၉	၄၉၄	၅၁	၀.၁၁	၆	-	-	-	၆၀၁.၈၉
၁၁	မြို့လှတမံ	၈၇၀.၀၀	၁၄၆၀၀	၈၅၀.၀၀	၄၅၂၀	၄၉	၈၆၃.၅၅	၁၀၁၇၁	၇၀	၆.၄၅	၄၄၂၉	-	-	-	၈၆၃.၆၀
၁၂	တောက်ပြိုတမံ	၆၇၉.၀၀	၂၄၉၁	၆၅၉.၀၀	၄၇၅	၁	၆၇၄.၀၀	၁၈၃၈	-	၅.၀၀	၆၅၃	-	-	-	၆၇၄.၀၀

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် ၁၄ ချပ်ထောင်ထားပါသည်။

ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

- ❖ ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေး ဓာတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင်နေထိုင်သည့်လူများသည် အသုံးပြုမည့်ရေကို သေချာစွာကျိုချက်သန့်စင် အသုံးပြုကြပါရန်၊
- ❖ ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသော ငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက် ခွဲခြားခြင်း၊ ပြင်ပမှ ဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့လုပ်ဆောင်ပါရန်၊
- ❖ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသော ကန်ပေါင်များအား အမြန်ဆုံး ပြန်လည်ဆယ်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှုအားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှု နှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များ စိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုကို ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများထားရှိပါရန်၊
- ❖ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်ကို သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာ ပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များပိတ်ဆို့ခြင်းကို အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊
- ❖ ရေကြီးနစ်မြုပ်စဉ် ကာရံထားသော ပိုက်များကို ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ် ကာရံထားရန်၊ ကာရံထားသော သဲအိတ်များကို ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့် သဲအိတ်များ အဆင်သင့်ပြင်ဆင်ထားရှိပါရန်၊
- ❖ ငါးမွေးကန် ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့်ကန်အတွင်းရှိ ရေပေါက်ပင်များ (ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိ ငါးများနှင့် အသုံးပြုရေများကို ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊
- ❖ ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများကို အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သော အဆောက်အဦ၊ ကန်များတည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များကို သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan) ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူ သယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့ကို ပြင်ဆင်ထားရှိပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို မွေးမြူမည့်ငါးများအတွက် သင့်တော်သော ရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့) ပြုလုပ်ပေးပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ ရွှေဆွဲကြိုးများ အကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားသုံးဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၉

မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲတိုက်ခိုက်မှုများ ကျူးလွန်ခြင်း၊ ခားပြမှု၊ လုယက်မှုနှင့် ဒုစရိုက်မှုများ ကျူးလွန်ခြင်းတို့ မဖြစ်ပေါ်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်ခြင်း၊ ပိတ်ဆို့စစ်ဆေးရှာဖွေခြင်း၊ ရှောင်တခင်ဧည့်စာရင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပွားခဲ့သည့် ပြစ်မှုများမှ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နေ့၊ ညမပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သူ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်၊ ကျူးကျော်တဲနေသူများဖြစ်ကြသည့် ဇော်လင်းအောင် (ခ) မဲကြီး ၃၆ နှစ် (ဘ)ဦးဇော်ဝင်း ကို အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီတွင် ၎င်း၏နေအိမ်၌လည်းကောင်း၊ ထွန်းတောက်လင်း(ခ) ဖက်တီး ၂၀ နှစ် (ဘ) ဦးဝင်းဆောင် ကို နံနက် ၁၀ နာရီတွင် ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်ရှိ ၎င်း၏အဒေါ်ဖြစ်သူ နေအိမ်၌ လည်းကောင်း၊ သိန်းဝင်းအောင် (ခ) စွေစောင်း ၁၉ နှစ် (ဘ) ဦးဇော်ဝင်း ကို နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ၎င်း၏နေအိမ်၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်လင်းအောင်(ခ)မဲကြီးပါ သုံးဦးတို့ကို စစ်ဆေးဖော်ထုတ်ချက်များအရ ဇော်လင်းအောင်(ခ)မဲကြီးနှင့် ထွန်းတောက်လင်း(ခ) ဖက်တီးတို့မှ ၂၀၂၄ ခုနှစ် ဇွန်လအတွင်း၌ စက်မှုဈေးတောင်ဘက်၊ (၂) လမ်းမြောက်တွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦး၊ ငွေတော်ကျီကုန်းဈေး (၃) လမ်းမြောက်တွင် စက်ဘီးစီးနင်းလာသည့် အမျိုးသားတစ်ဦး၊ (၅၇)လမ်း၊ မနော်ဟရီလမ်းအကွေ့တွင် လမ်းလျှောက်လာသည့် အမျိုးသားတစ်ဦး၊ (၅၃)လမ်း၊ မနော်ဟရီလမ်း တောင်ဘက်၊ (၂) လမ်းမြောက်တွင် စက်ဘီးစီးနင်းလာသည့် အမျိုးသားတစ်ဦး၊ လမ်း(၆၀)၊ (၁၃၁) လမ်း၊ စက်မှုဈေးမြောက်ဘက်တွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦး၊ (၅၈)လမ်း၊ (၁၀၆)လမ်းနှင့် (၁၀၇) လမ်းကြားတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးနှင့် (၅၈) လမ်း၊ လမ်း(၃၀)နှင့် (၃၅) လမ်းကြားတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသား တစ်ဦးတို့ထံမှ **လုယက်မှု ခုနစ်ကြိမ်**၊ ဇူလိုင်လအတွင်း၌ (ဆ) ရပ်ကွက် အေးမေတ္တာဈေး၊ (၅၁) လမ်းနှင့် (၁၂၉) လမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦး၊ (၆၂)လမ်းနှင့် (၁၂၀)လမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးနှင့် စက်မှုပန်းခြံအကျော် (၃) လမ်းမြောက်၊ စွယ်တော်ကားကွင်းသွားသည့်လမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးတို့ထံမှ **လုယက်မှု သုံးကြိမ်**၊ ဩဂုတ်လအတွင်း၌ လမ်း(၃၀) နှင့် (၆၃)လမ်းတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးနှင့် (၁၀၇) လမ်း၊ (၅၅) လမ်းနှင့် (၅၆) လမ်းကြားတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးတို့ထံမှ **လုယက်မှု နှစ်ကြိမ်**၊ စက်တင်ဘာလအတွင်း၌ (၆၂)လမ်းနှင့် (၆၃)လမ်းကြား မနော်ရဟီလမ်းတွင် လမ်းလျှောက်လာသည့် အမျိုးသားတစ်ဦးထံမှ **လုယက်မှု တစ်ကြိမ် စုစုပေါင်းလုယက်မှု ၁၃ ကြိမ်**ကို ထွန်းတောက်လင်း(ခ)ဖက်တီးမှ ဆိုင်ကယ်မောင်းနှင်ပြီး ဇော်လင်းအောင်(ခ)မဲကြီး က နောက်မှထိုင်၍ လိုက်ပါကာ လမ်းသွားလမ်းလာပြည်သူများထံမှ ဆွဲကြိုးဖြုတ်လုယက်မှု ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း။

သိန်းဝင်းအောင် (ခ) စွေစောင်းနှင့် ထွန်းတောက်လင်း (ခ) ဖက်တီးတို့မှ ဩဂုတ်လအတွင်း၌ (၅၈) လမ်းနှင့် (၅၉)လမ်းကြား၊ (၁၃၂)လမ်းနှင့် (၁၃၃) လမ်းကြားတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးထံမှ **လုယက်မှု တစ်ကြိမ်**၊ စက်တင်ဘာလအတွင်း၌ (၅၈) လမ်းနှင့် (၅၉)လမ်းကြား၊ (၁၁၄) လမ်းနှင့် (၁၁၅) လမ်းကြားတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးနှင့် အောင်ပင်လယ်ရပ်ကွက်၊ လမ်းမမှတ်မိတွင် ရေသန့်ဝယ်ယူနေသည့် အမျိုးသမီးတစ်ဦးတို့ထံမှ **လုယက်မှု နှစ်ကြိမ်**၊ **စုစုပေါင်းလုယက်မှု သုံးကြိမ်**ကို သိန်းဝင်းအောင် (ခ)စွေစောင်း က ဆိုင်ကယ်မောင်းနှင်ပြီး ထွန်းတောက်လင်း (ခ) ဖက်တီးမှ နောက်မှထိုင်၍ လိုက်ပါကာ လမ်းသွားလမ်းလာပြည်သူများထံမှ ဆွဲကြိုးဖြုတ်လုယက်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဝဲမှယာ တရားခံ သိန်းဝင်းအောင် (ခ) စွေစောင်း၊ ဇော်လင်းအောင် (ခ) မဲကြီး၊ ထွန်းတောက်လင်း(ခ) ဖက်တီး တို့ကို တွေ့ရစဉ်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဇော်လင်းအောင် (ခ) မဲကြီး၊ သိန်းဝင်းအောင် (ခ) စွေစောင်းနှင့် ထွန်းတောက်လင်း (ခ) ဖက်တီးတို့ သုံးဦးသည် မန္တလေးမြို့ပေါ် ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ **စုစုပေါင်းလုယက်မှု(၁၆) ကြိမ်**ကျူးလွန်ခဲ့ကြကြောင်းသိရှိရပြီး အဆိုပါလုယက်မှုများမှရရှိခဲ့သည့် သက်သေခံရွှေထည်ပစ္စည်းများအား ၎င်းတို့ထုခွဲရောင်းချခဲ့သည့် သက်ဆိုင်ရာနေရာအသီးသီးမှ သက်သေများနှင့်အတူ ရှာဖွေသိမ်းဆည်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်များတွင် မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများအား ဆိုင်ကယ်ဖြင့် နောက်မှလိုက်၍ လုယက်မှုကျူးလွန်ခဲ့ကြသူ တရားခံ ဇော်လင်းအောင်(ခ)မဲကြီး၊ သိန်းဝင်းအောင် (ခ) စွေစောင်းနှင့် ထွန်းတောက်လင်း (ခ) ဖက်တီးတို့အား သက်ဆိုင်ရာရဲစခန်း အသီးသီးတွင် အမှုများဖွင့်လှစ်ထားရှိပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ရပ်ရွာများအတွင်း အလားတူဒုစရိုက်မှုများ မဖြစ်ပွားစေရေးနှင့် ဒုစရိုက်သမားများ၏ လှုပ်ရှားဆောင်ရွက်မှု သတင်းများအား တွေ့ရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့နိုင်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

မန်ယူက တိုက်စစ်ခြေစွမ်းပြကာ ဘရန့်ဖို့ဒ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၈) မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် မန်ယူနှင့် ဘရန့်ဖို့ဒ်အသင်းပွဲစဉ်ကို အောက်တိုဘာ ၁၉ ရက် ည ၈ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အဆိုပါပွဲစဉ်ကို အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၇၃၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ မန်ယူအသင်းသည် ပွဲချိန် ၄၅ မိနစ်တွင် ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရသော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

နှစ်ပွဲဆက် နိုင်ပွဲရရှိရန် ကြိုးစားလာသော ဘရန့်ဖို့ဒ်အသင်းသည် မန်ယူအသင်း၏ တိုက်စစ်ဆင်ကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ မန်ယူအသင်းက ပြိုင်ဘက် ဘရန့်ဖို့ဒ်အသင်းဘက် သာလွန်သည့် ခြေစွမ်းနှင့် ထက်မြက်သည့် တိုက်စစ်ကို ထုတ်ပြနိုင်ခဲ့ပြီး အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။



မန်ယူတောင်ပံတိုက်စစ်ကစားသမား ဂါနာချို ပြိုင်ဘက်ဘရန့်ဖို့ဒ်အသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံစဉ်။

မန်ယူအသင်းအတွက် သွင်းဂိုးများကို ဂါနာချိုနှင့် ဟွိုက်လန်းတို့က သွင်းယူပေးပြီး ဘရန့်ဖို့ဒ်အသင်းအတွက် သွင်းဂိုးကို ပင်းနော့ခ်က သွင်းယူပေးခဲ့သည်။ မန်ယူအသင်းသည် ယခုပွဲစဉ်နိုင်ပွဲရရှိခဲ့သည့်အတွက် ပွဲစဉ် (၈) အပြီးတွင် နိုင်ပွဲ သုံးပွဲအထိ ရရှိပြီဖြစ်သည်။ ပြိုင်ဘက်ဘရန့်ဖို့ဒ်အသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ရှုံးပွဲ လေးပွဲအထိ ရှိလာပြီဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၈) မှ အခြားသော ပွဲစဉ်ရလဒ်များတွင် စပါးက ဝက်စ်ဟမ်းကို လေးဂိုး-တစ်ဂိုး၊ အက်စ်တွန်ဗီလာက ဖူလ်ဟမ်ကို သုံးဂိုး - တစ်ဂိုး၊ ဘရိုက်တန်က နယူးကာဆယ်ကို တစ်ဂိုး - ဂိုးမရှိ၊ လက်စတာက ဆောက်သမ်တန်ကို သုံးဂိုး - နှစ်ဂိုး ဖြင့် နိုင်ပွဲကိုယ်စီရရှိခဲ့ကြပြီး အဲဗာတန်နှင့် အစ်ဆွစ်အသင်းပွဲစဉ်တွင်လည်း အဲဗာတန်အသင်းက နှစ်ဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။

အောင်ဇော်

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စျ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၁၉၊ ဦးပိုင်အမှတ် (၄၁)၊ ၆၃x၆၄ လမ်းကြား၊ ၁၃၅x၁၃၆လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းဆွေ၏ (SP ရရှိသူ ဦးအောင်သာမွေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၂၁၀/၂၀၂၂) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဆွေလှိုင်ထား ၁၂/လမန(နိုင်)၀၀၃၁၇၂က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၄၅၇၀/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့်အမည် (၇၉၇/ ရွာထောင်အရှေ့)၊ မြေကွက်အမှတ်(ခ/၂၇၊ ခ/၂၉)၊ မြေဧရိယာ(၀.၄၁၂)ဧကရှိ မြေသည် ဗိုလ်မှူးချုပ်လှရွှေ အမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ်၊ RP No, 1741 V of 1990-91 (30 Years) မြေငှားဂရန် သက်တမ်းမှာ (၁-၁-၁၉၉၀)မှ (၁-၁-၂၀၂၀)ရက်နေ့ထိဖြစ်ကြောင်း၊ အဆိုပါဂရန်မြေကွက်အား (၂၃-၃-၁၉၉၅)ရက်တွင် ဗိုလ်မှူးချုပ်လှရွှေ(ငြိမ်း)မှ ဦးအောင်ကြည်သို့ တရားဝင်အရောင်းအဝယ်စာချုပ်ဖြင့်ချုပ်ဆိုရောင်းချခဲ့ပါသည်။ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဦးအောင်ကြည်သည် ဒေါ်သန်းရီ နှင့် အိမ်ထောင်ကျပြီး သား/သမီး(၆)ဦး ထွန်းကားခဲ့ကာ (၉-၁-၂၀၂၂)ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ဦးအောင်ကြည်၏ တရားဝင်တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်သန်းရီ (၅/စကန(နိုင်)၀၀၈၅၇၉) မှ ယင်းမြေကွက်ပေါ်တွင် လက်ရှိနေထိုင်လျက်ရှိသည်မှာ မှန်ကန်ပါကြောင်း (၆-၈-၂၀၂၄) ရက်နေ့တွင် စစ်ကိုင်းမြို့နယ် တရားရုံး၌ ကတိသစ္စာပြုခဲ့ပြီး (၈-၈-၂၀၂၄)ရက်တွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေငြာစာချုပ်ချုပ်ဆို၍ စာချုပ်များကို တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ယခုအခါမြေကွက်ပိုင်ဆိုင်သူဒေါ်သန်းရီအမည်ဖြင့် ပုဂ္ဂလိကမြေငှားဂရန်အသစ်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြ လာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15U/6919, DONGBEN-300 ယာဉ်လက်ဝယ်ရှိသူ ဦးပေါင်ကျင့်မုန် ၅/ကလထ(နိုင်)၂၀၅၈၄၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ကလေးမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/23523, LUOJIA -110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်သက်ထွန်း ၁၄/ကကန(နိုင်) ၁၀၉၇၃၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

ကျေးဇူးဆပ်ပါမည်

မြိတ်မြို့၊ အလယ်ကျွန်းရပ်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၇၄) နေ ဦးမြင့်လွင် ၆/ကစန(နိုင်)၀၀၄ ၈၄၀ ပိုင် **"ဝေယံထွန်း"**(FMD/ 0127/ 15) ငါးဖမ်းစက်လှေ၏ ဂရန်နှင့် LSA မူရင်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၂၁၉၇၈၃**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/05860,Honda Wave-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံဝင်း ၁၄/ရကန(နိုင်)၁၈၁ ၇၃၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

